# (၁၃)
# သြဂုတ် (စ်)
# မမေ့အပ်

(၄၃) နှစ်မြောက်
စစ်တွေဆန့်ပြသသနာနေ့
ဝမ်းနည်းအောက်မေ့ဖွယ်အထိမ်းအမှတ်

# (၁၃)
# ဩဂုတ် (စ်)
# မမေ့အပ်

**(၄၃) နှစ်မြောက်**
**စစ်တွေဆန်ပြသနာနေ့**
**ဝမ်းနည်းအောက်မေ့ဖွယ်အထိမ်းအမှတ်**

# ပုံနှိပ်ခြင်း မှတ်တမ်း

**တတိယ အကြိမ်**
**၂၀၁၀ – ခုနှစ်၊ ဩဂုတ်(စ်)**

**အုပ်ရေ**
၂၀၀၀

**ထုတ်ဝေသူ**
သုတေသနနှင့် မှတ်တမ်းဌာန
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
All Arakan Students' & Youths' Congress (AASYC)

**မှတ်တမ်းစုဆောင်းပေးသူ**
နိုင်နိုင်(စစ်တွေ)

**စာစီစာရိုက်**
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး
(ရ၊ က၊ လ၊ စ)
ရဲဘော်၊ ရဲမယ်များ

**ဆက်သွယ်ရန်လိပ်စာ**
P.O Box - 135
Mae Sot
Tak - 63110
Thailand
Phone: (66) 08 240 540 97
Email: aasyc.ghq.rdd@gmail.com

## ကျေးဇူးတင်လွှာ

**"(၁၃) ဩဂုတ်(စ်) မမေ့အပ်"** စာအုပ်အား ထုတ်ဝေနိုင်ရန် အတွက် မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး(ရ၊က၊ လ၊ စ) အနေဖြင့် ကြိုးပမ်းလာခဲ့သည်မှာ (၃) နှစ်ခန့် ကြာခဲ့ပါပြီ။ သို့သော် ဆန္ဒသာရှိသော်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည့်အပိုင်းတွင် ရှေ့မတိုးနိုင်ဘဲ နောက်ပြန် ဆုတ်ခဲ့ရပါသည်။ စစ်တွေဆန်ပြသနာ အရေးတော်ပုံသည် လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အား ပြန်လည်ခြေရာကောက်ရခြင်း၊ မှတ်တမ်း မှတ်ရာ အားနည်းခြင်းနှင့် အခြားသောအကြောင်းခြင်းရာများကြောင့် လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့ပါသည်။ သို့သော် ကိုနိုင်နိုင်(စစ်တွေ)၏ အားပေးကူညီမှုကြောင့် စစ်တွေဆန်ပြသနာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများ၏ တန်ဖိုးမဖြတ်နိုင်သော ပြန်လည်ပြောကြားချက်များကို ရရှိခဲ့ပါသည်။ ထိုအတွက်ကြောင့် ကိုနိုင်နိုင်(စစ်တွေ)နှင့်တကွ အချက်အလက်မျှဝေပေးကြသူများ၊ အားကြိုး မာန်တက် ဝိုင်းဝန်း အကောင်အထည်ဖော်ပေးကြသောရဲဘော်၊ ရဲမယ်များ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာအုပ်ငယ်သည် စစ်တွေဆန်ပြသနာ၏ မိတ်ဆက်စာအုပ်ငယ်တစ်အုပ်သာ ဖြစ်သေးပါသည်။ အသေးစိပ်အကြောင်းအရာများသည် ပြည့်စုံလုံလောက်မှုရှိလိမ့်မည် မဟုတ်ပါ။ စာဖတ်သူများအနေဖြင့် ဤစာအုပ်ငယ်အား အားမလိုအားမရ၊ စိတ်တိုင်းမကျမှုများ အမှန်တကယ် ရှိကြပါလိမ့်မည်။ စစ်တွေဆန်ပြသနာနှင့်ပတ်သက်၍ ပြည့်စုံခိုင်လုံသောစာအုပ်တစ်အုပ် အား နောက်ထပ်ထုတ်ဝေရန် ကြိုးပမ်းလျက်ရှိပါသည်။

ထုတ်ဝေရခြင်း ရည်ရွယ်ချက်သည် ရခိုင်သမိုင်းတွင် သွေးစွန်းခဲ့သောအဖြစ်အပျက်တစ်ခုအား အဖိနှိပ်ခံရခိုင်ပြည်သူများ၊ တိုင်းရင်းသားပြည်သူများ ပိုမိုသိရှိနားလည်စေရန်၊ ထိုကဲ့သို့သောအဖြစ်အပျက် နောက်ထပ်တစ်ဖန်မဖြစ်ပွားစေရန်နှင့် ပြည်သူများသတိရှိနေကြစေရန် ရည်ရွယ်ပါသည်။ ရခိုင်သမိုင်းမှန်အား တိမ်ကောပျောက်ကွယ် အောင်ဆောင်ရွက်နေသော ဗမာစစ်အာဏာရှင်များ၊ ဗမာလူမျိုးကြီးဝါဒီများလက်အောက်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်တစ်ခုအား မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ နောက်လာနောင်သားများအနေဖြင့် သမိုင်းထဲမှ အမှန်တရား၊ သမိုင်းထဲမှ အနာဂတ်ကို ရှာဖွေစေလိုသော ဆန္ဒဖြစ်ပါသည်။ ဤစာအုပ်ငယ်သည် ရခိုင်အမျိုးသား

လွတ်မြောက်ရေး တော်လှန်ရေးခရီးတွင် အတိုင်းအတာတစ်ခုထိ အကျိုးပြုနိုင်မည်ဆိုပါက မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ) အနေဖြင့် ကြိုးပမ်းရကျိုးနပ်ပါပြီ။

ဤစာအုပ်ငယ်ဖြင့် စစ်တွေဆန်ပြသနာတွင် တိုက်ပွဲဝင်ယင်း ကျဆုံးခဲ့ရသူများနှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအား ဂုဏ်ပြုအပ်ပါသည်။

**သုတေသနနှင့် မှတ်တမ်းဌာန**
**ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## (၁၃) ဩဂုတ် (စ်) မမေ့အပ်

မျက်စိတဆုံး အစိမ်းရောင်ဖုံးလွှမ်းနေသော ဘင်္ဂလားပင်လယ်အော် ရေပြင်ကျယ်ကြီးကိုဖြတ်ကျော်လျက် လေပြေလေညှင်းကလေးများသည် လခြမ်း မြေသို့ ဦးတည်တိုက်ခတ်လျက်ရှိသည်။ ထိုလခြမ်းမြေသည် ကျွန်းကြီး၊ ကျွန်း ငယ်၊ မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်နှင့် တောတောင်စိမ့်စမ်းတို့ဖြင့် လူတိုင်း နှစ်လိုဖွယ် သာယာလှပသောဒေသတစ်ခုဖြစ်သည်။ ဤဒေသသို့ (၁၆၃၀) ပြည့် နှစ်က ဩဂုတ်စတင် ခရစ်ယာန်ဂိုဏ်းဝင် ပေါ်တူဂီဘုန်းတော်ကြီး ဆီဘက် စတီယန် မင်နရိတ်သည် အိန္ဒိယပြည်မှတဆင့် လာရောက်နေထိုင်ခဲ့သည်။ ဘုန်း တော်ကြီးမင်နရိတ် မှတ်တမ်းတင်ခဲ့သောနိုင်ငံကား "အာရကန်" "Arracan" "ရခိုင်ပြည်" ပင်ဖြစ်သည်။

မင်နရိတ်ရောက်ရှိလာချိန်ကား ရခိုင်ပြည်သည် ကိုယ့်မင်း ကိုယ့် ချင်းနှင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောတိုင်းပြည်တစ်ပြည် ဖြစ်ခဲ့ သည်။ ဘုန်းတော်ကြီးမင်နရိတ်သည် ရခိုင်ပြည်၊ ရခိုင်ဘုရင်နှင့် ရခိုင့်ထီးနန်း ခမ်းနားကြီးကျယ်မှု၊ ရခိုင်ပြည်၏သာယာလှပုံအား စာဖွဲ့မှတ်တမ်းတင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က နိုင်ငံခြားသားတစ်ဦး ရခိုင်ပြည်၏ ခမ်း နားကြီးကျယ်မှုအား မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။

မင်နရိတ်၏ မှတ်တမ်းအရဆိုလျှင် ရခိုင်ပြည်သည်ကား ဥတုရာသီ မျှတကောင်းမွန်၍ မြေပေါ်မြေအောက် သီးနှံထွက်ကုန်များဖြင့် ကုံလုံပြည့်စုံပြီး မင်းနှင့် ပြည်သူ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြကာ စစ်ရေးအင်အားတောင့် တင်းခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် "လော ကနိဗ္ဗာန်ကလေး" သဖွယ် ချမ်းသာကြွယ်ဝလှသော ရခိုင်ပြည်ပင်ဖြစ်ပေသည်။

သို့သော် ယနေ့ ရခိုင်ပြည်သည်ကား ချမ်းသာကြွယ်ဝသူများ နေ ထိုင်ရာ "လောကနိဗ္ဗာန်ဘုံ" မဟုတ်ဘဲ "ဆင်းရဲမွဲတေ ဖွတ်ဘိုးအေများ နေထိုင် ရာ ဒုက္ခဘုံလေး" တစ်ခုသာ ဖြစ်လျက်ရှိသည်။

'ဒုက္ခဘုံလေး'သို့ အဘယ်ကြောင့် ရခိုင်သူ၊ ရခိုင်သားများ ကျဆင်း ခဲ့ရပါသနည်း။

### အို ကျွန်ဘဝ

လွန်ခဲ့သော နှစ်ပေါင်း (၅၀၀၀)ကျော်က ရခိုင်ပြည်သည် ကိုယ့် ထီးကိုယ့်နန်း၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုဖြင့် နေထိုင်ခဲ့သောနိုင်ငံဖြစ်သည်။ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟူ၍ ခေတ်ကြီး လေးခေတ်ကို ဖြတ်သန်းလာခဲ့သည်။ ခေတ်ကြီးလေးခေတ်ကို ဖြတ်သန်းရင်း ရခိုင်လူ့အဖွဲ့အစည်းသည် တစ်ဖြည်းဖြည်း တိုးတက်ကြီးပွားလာခဲ့သည်။

## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး

(၁၇၈၄)တွင် ရခိုင်ပြည်၌ နန်းတွင်းအရှုပ်အထွေးကြောင့် အမျိုး
သားစည်းလုံးညီညွတ်မှုပြိုကွဲနေသည်ကို အခွင့်ကောင်းယူကာ ဗမာဘုရင် မောင်
ဝိုင်းသည် ရခိုင်ပြည်သို့ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ အချို့သော ရခိုင်မင်းညီ
မင်းသားနှင့် ပြည်သူများက ဗမာဘုရင်အနေဖြင့် ရခိုင်ပြည်နိုင်ငံရေး ငြိမ်သက်
ချိန်တွင် ပြည်သူတို့၏လိုလားနှစ်သက်သော မင်းညီ၊ မင်းသား တစ်ပါးပါးကို
နန်းတင်ပေးလိမ့်မည်ဟုယူဆကာ ဗမာဘုရင်မောင်ဝိုင်း၏ကျူးကျော်မှုကို
ထောက်ခံကြိုဆိုခဲ့ကြသည်။ အချို့သော ရခိုင်ခေါင်းဆောင်များက ဗမာနယ်ချဲ့တို့
ရခိုင်ပြည်အား ဝင်ရောက်လာခြင်းသည် ကျူးကျော်ဝင်ရောက်လာခြင်း ဖြစ်
သည်ကို ရိပ်စားမိခဲ့သည်။ ထိုကြောင့် တောင်မင်းကြီး ကျော်ထွီးသည် ပထမဆုံး
ခုခံ တိုက်ခိုက်ခဲ့သည်။ ဗမာတပ်များအလုံးအရင်းနှင့် ဝင်ရောက်လာသောအခါ
တောင်မင်းကြီးကျော်ထွီးသည် မြောက်ဦးမင်းထံမှလည်းကောင်း၊ ရမ်းဗြဲကျွန်း
အိမ်ရှေ့မင်းဟောင်းသက်စံရွှေထံမှလည်းကောင်း၊ မာန်အောင်မြို့စား ဗိုလ်ထွန်း
အောင်ကျော်ထံမှလည်းကောင်း စစ်ကူတောင်းခံခဲ့သည်။ သို့သော် ထိုအချိန်အ
ခါက အချင်းချင်းသံသယဝင်နေခြင်း၊ စည်းလုံးမှုပြိုကွဲနေသောကြောင့် နယ်ချဲ့
ရန်သူအား ခုခံတွန်းလှန်ရန် စုစုစည်းစည်း မရှိခဲ့ကြချေ။ ထိုအချိန်အခါက ရခိုင်
ပြည်၌ မြောက်ဦးဘုရင် သမ္မတရာဇာမင်းအပြင် ငကြေးတောင်တွင် ဓားမနိုင်
မင်း၊ ပန္နေးကျွန်းတွင် ကောင်းညွှန့်ရန်မင်း၊ ကြပ်စင်ကျွန်းတွင် ဓားပိုင်ကြီးသံ
ဒေမင်း၊ ရိုးကျွန်းတွင် ကုလားရွှေစာမင်း၊ တန်းလွဲတွင် တောင်မင်းကြီး ကျော်
ထွီး၊ မာန်အောင်ကျွန်းတွင် သတိုးဖြူမင်းတို့သည် သူတစ်လူငါတစ်မင်း ဖြစ်နေ
ခဲ့သည်။ ထိုကြောင့် ဗမာနယ်ချဲ့တို့သည်ရခိုင်ပြည်အား အလွယ်တကူ သိမ်းပိုက်
နိုင်ခဲ့ကာ (၁၇၈၄) ဒီဇင်ဘာ (၃၁) ရက်နေ့တွင် ရခိုင်ပြည် အချုပ်အခြာအာဏာ
ကျဆုံးကာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရသည်။

နှစ်ပေါင်း (၅၀၀၀) ကျော် "လောကနိဗ္ဗာန်"အဖြစ်မှ အနိဋ္ဌာရုံများ
ပေါင်းဆုံရာ "ဒုက္ခဘုံကလေး"အဖြစ် ရောက်ရှိစေသည့် ဇာတ်လမ်းအစ ပဏာမ
ပင်ဖြစ်သည်။

ဗမာနယ်ချဲ့တို့သည် ရခိုင်ပြည်ကို သိမ်းပိုက်ပြီး "ကျူပင်ခုတ် ကျူ
ငုတ်မကျန်"ဆိုသလို ရခိုင်လူမျိုး အမြောက်အမြားအား ဖမ်းဆီးသတ်ဖြတ်ခဲ့
သည်။

**ဗမာနယ်ချဲ့တို့သတ်ဖြတ်ခဲ့သောကြောင့် သေဆုံးခဲ့ရသော ရခိုင်အမျိုးသားများ**

| | |
|---|---|
| ပေါင်းတုတ်ပြင်တွင် | ၁၀၀၀ |
| သရက်အုပ်တွင် | ၁၀၀၀ |

| | |
|---|---|
| ကြက်ရိုးတောင် | ၁၀၀၀ |
| စံကားတောင် | ၂၀၀၀ |
| မြောက်ဦးမြို့ပေါ် | ၃၇၀၀၀ |
| ပုခက်တွင်းမှ ကလေးများအား ဓားကစားသဖြင့် ကလေးပေါင်း | ၁၀၀၀၀ |
| ဘုရားပေါ်၊ ဒိုင်းကျီ၊ မောင်းဆွေး၊ ငရကောက်၊ ခေါင်းပြို၊ ပုရိမ်၊ ရတနာပြင်၊ လက်မတောတန်း၊ ကိုးဆယ့်ကိုးတောင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်အရပ် | ၁၈၄၀၀၀ |
| **စုစုပေါင်း** | **၂၃၆၀၀၀** |

ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ကြရသည်။

ရခိုင်ပြည်သူပြည်သားများသည် 'ကျောချမှ ဓားမြမှန်း' သိခဲ့ကြသည်။ မိမိနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရန်လာသူအား ဝမ်းသာအားရ ဆီးကြိုခဲ့သောအဖြစ်။ ထို့နောက် ဗမာနယ်ချဲ့များသည် ရခိုင်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ချိုးနှိမ်ရန် ရခိုင်ဘုရင်မဟာသမ္မတရာဇာ၊ မိဖုရားမြသန္တာ၊ မင်းညီမင်းသားများ၊ ပညာရှိအမတ်များနှင့် ရဟန်းပညာရှင်များ၊ ကိုယ်ရံတော်များစသည်ဖြင့် ယောကျ်ား၊ မိန်းမစုစုပေါင်း (၇၇၀၀) ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ပိဋကတ် (၃) ပုံနှင့် ဗေဒင် (၅၆) ကျမ်းအဝင် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ စစ်ကျမ်း၊ ဗိသုကာကျမ်းပေါင်းများစွာကိုလည်း သိမ်းယူခဲ့ကြသည်။ မြောက်ဦးမြို့ပေါ်ရှိ ကျောင်းကြီး (၃၀)၊ ကျောင်းငယ် (၃၀၀၀) ခန့်နှင့်တကွ စေတီပုထိုး အမြောက်အမြားကို ဗမာမင်းအမိန့်ဖြင့် ဖျက်ဆီးခဲ့ကြသည်။ မြောက်ဦးရွှေမြို့တော်နှင့်တကွ ရမ္မာဝတီမြို့တော်၊မေဃဝတီမြို့တော်၊ ဒွါရာဝတီမြို့တော်ရှိ မြို့အင်္ဂါအားလုံးကိုလည်း ဖျက်ဆီးခဲ့ကြသည်။ ရခိုင်ရဟန်းတော် ထေရ်ကြီး၊ ဝါကြီးများကို သိက္ခာချပြီး ဒုန်း၊ ဟာရီစသော ယုတ်ညံ့သော အမျိုးအနွယ်ဝင်များထံတွင် ပြန်လည် ရဟန်းခံစေခြင်း၊ အမရပူရမှ ပင့်ဆောင်လာသော ဝါငယ်သည့် ရဟန်းပျိုများထံတွင် ပြန်လည်ရဟန်းခံစေခြင်းဖြင့် သာသနာကိုပါမကျန် ချိုးနှိမ်ခဲ့ကြသည်။ ဗမာနယ်ချဲ့တို့ ပင့်ဆောင်လာသော သာသနာပြုဆရာတော် (၁၂) ပါးကလည်း ရခိုင်ရှိ ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုအရပ်ရပ်ကို ဖျက်ဆီးလိုက်ကြသည်။ ရခိုင်စာပေကျမ်းဂန်များကိုလည်း ဖျက်ဆီးခဲ့ကြသည်။ ဤကဲ့သို့ ဗမာနယ်ချဲ့များသည် ရခိုင်ပြည်ကို သိမ်းပိုက်ပြီး အမျိုးမျိုးရက်စက် ဖိနှိပ်သတ်ဖြတ်ဖျက်ဆီးနေမှုများကို မခံမရပ်နိုင်ဖြစ်ကြသော ရခိုင်အမျိုးသားများသည် ဗမာ

ချဲ့အား ရရာလက်နက်ဖြင့် ခုခံတွန်းလှန်ခဲ့ကြသည်။ သို့သော်လည်း သူတစ်လူ ငါတစ်မင်း ဖြစ်နေသဖြင့် အောင်မြင်သင့်သလောက် အောင်မြင်မှုမရှိခဲ့ဘဲ ကျဆုံးခဲ့ရသည်။ နယ်ချဲ့ဆန့်ကျင်ရေး အစောပိုင်းကာလတွင် တောင်မင်းကြီးကျော်ထွီးနှင့် ဗိုလ်ချင်းပျံတို့မှာ ထင်ရှားသည်။ ဗိုလ်ချင်းပျံသည် (၁၈၁၁) မှ (၁၈၁၅) ထိ ဗမာပဒေသရာဇ်ကို ပုန်ကန်ခြားနားခဲ့သည်။ မြောက်ဦးမြို့ကို (၂) နှစ်တာမျှ သိမ်းပိုက်နိုင်ခဲ့သော်လည်း အင်္ဂလိပ်တို့ထံမှ ထောက်ပံ့ကူညီမှု မရရှိခြင်း၊ ကျူးကျော်သူဗမာတပ်၏လက်နက်အင်အား၊ လူအင်အားကို မမှီခြင်းတို့ကြောင့် ဘင်္ဂလားနယ်သို့ ဆုတ်ခွါခဲ့ရသည်။ (၁၈၁၅) တွင် ဗိုလ်ချင်းပျံ ကွယ်လွန်သွားသောအခါ ၎င်းချပေးခဲ့သောတော်လှန်ရေးမျိုးစေ့ကို မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းအောင်ကျော်ရွှီနှင့် မြို့သူကြီးအောင်ကျော်ဇံတို့က ဆက်ခံခဲ့ကြ သည်။

## အင်္ဂလိပ်နယ်ချဲ့လက်အောက်ကျရောက်ခြင်း

ထိုခေါင်းဆောင် (၃) သုံးဦးသည် (၁၈၂၄) တွင် ကျူးကျော်သူဗမာတို့ကို တိုက်ထုတ်ရန် အင်္ဂလိပ်တို့ နှင့်မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်တွင်

(၁) ရခိုင်နှင့် အင်္ဂလိပ် ပူးပေါင်း၍ ဗမာနယ်ချဲ့တပ်ကို ရခိုင်ပြည်မှ တိုက်ထုတ်ရန်။
(၂) အင်္ဂလိပ်တို့ထံမှ လက်နက်နှင့်စစ်အင်အား တချို့တဝက် ကူညီရန်။
(၃) စစ်အသုံးစရိတ်ကို အင်္ဂလိပ်တို့ထံမှကျခံရန်။
(၄) ဗမာနယ်ချဲ့တပ်ကို ရခိုင်ပြည်တွင်းမှ မောင်းထုတ်ပြီးလျှင် ရခိုင်မင်းသားများလက်သို့ ရခိုင်ပြည်ကို ပြန်လည်အပ်နှင်းရန်။
(၅) စစ်ပြီးဆုံးသောအခါ စစ်အတွင်းကုန်ကျစရိတ်၏ (၂) ဆကို ရခိုင်အမျိုးသားများမှ ပြန်လည်ပေးဆပ်ရန်။
(၆) အင်္ဂလိပ်တို့နေဖြင့် ရခိုင်ပြည်သူ၊ ပြည်သားများအား ဖိနှိပ်၍ ဆက်ဆံခြင်း မပြုရန်။
(၇) စစ်ပြီးလျှင်ပြီးချင်း အင်္ဂလိပ်တို့သည် ရခိုင်ပြည်မှ လုံးဝထွက်ပေးရန်။
(၈) စစ်တိုက်ရာတွင် ရခိုင်အမျိုးသားတို့က ဦးဆောင်လမ်းညွှန်ပြုရန်။
(၉) ကြည်းတပ်၊ ရေတပ်နှစ်ရပ်စလုံးတွင် (၂)ဘက်စလုံး ညီညာတက်ကြွစွာ တာဝန်ယူကြရန်။
(၁၀) စစ်အတွင်းရိက္ခာကို ရခိုင်အမျိုးသားများက ထောက်ပံ့ရန် တို့ပါဝင်သည်။

## (၁၃) ဩဂတ် (စ်) မမေ့အပ်

စင်စစ်အားဖြင့် အင်္ဂလိပ်တို့သည် ဗမာပဒေသရာဇ်ကို ချေမှုန်းရန်နှင့် ရခိုင်ပြည်ကို ကျွန်ပြုရန်အတွက် နည်းပရိယာယ်ဆင်ခဲ့ခြင်းသာ ဖြစ်ပေသည်။ ရခိုင်ပြည် ဗမာလက်အောက်မှ လွတ်မြောက်သောအခါမှသာ ရခိုင်အမျိုးသားတို့သည် အင်္ဂလိပ်တို့၏ သဘောထားမှန်ကို သိရှိခဲ့ကြသည်။ ထို့ကြောင့် (၁၈၂၇) တွင် ပြင်သစ်အကူအညီရယူ၍ အင်္ဂလိပ်တို့ကို ပြန်လည်ဆန့်ကျင်ရန် မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းအောင်ကျော်ရွှီနှင့်မြို့သူကြီးအောင်ကျော်ဇံတို့သည် မြေအောက်စည်းရုံးရေးနှင့် ပြောက်ကျားစစ်ဆင်ရေးများကို အကောင်အထည်ဖော်ခဲ့သည်။ သို့သော် စံရဖွေခေါင်းဆောင်သော သစ္စာဖောက်အချို့ကြောင့် ခေါင်းဆောင် (၃) ဦးသည် ဒက္ကားထောင်တွင် ထောင်သွင်းအကျဉ်းချခြင်းခံခဲ့ရသည်။ ဤခေါင်းဆောင်များသည် ၎င်းတို့၏သေတမ်းစာကို ဒက္ကားထောင်နံရံတွင် လက်မောင်းသွေးဖြင့် ရေးထိုးလျက် သေသည်အထိ အစာငတ်ခံတိုက်ပွဲဝင်ကာ ရခိုင်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ဖော်ထုတ်ပြသခဲ့ကြသည်။ ခေါင်းဆောင်မဲ့သွားသော ရခိုင်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများမှာ နည်းပညာအရာ၊ လက်နက်အင်အား၊ လူအင်အားအရာတွင် အဖက်ဖက်မှ သာလွန်သော နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်မှုအောက်တွင် မီးခဲပြာဖုံး ဖြစ်ခဲ့ရသည်။

ရခိုင်အမျိုးသားလွတ်မြောက်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ပွဲဝင်သူများတွင် အခြားထင်ရှားသောခေါင်းဆောင်များလည်း ရှိသေးသည်။ (၁၈၂၈) တွင် ရခိုင်ပြည်မြောက်ပိုင်း လေးမြို့ချောင်းတွင် ဗိုလ်ချိုက်စံ၊ (၁၈၂၉) တွင် သံတွဲနယ်မှ ဗိုလ်အောင်သာဦး၊ (၁၈၃၁) တွင် ကျိန္တာလီဆရာတော်၊ (၁၈၇၀–၇၁)တွင် မြောက်ဦးမြို့တွင် ဗိုလ်မောင်ဦးဖြူ အမျိုးသားတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။ သို့သော် လက်နက်အင်အားမမျှသောကြောင့် တိုက်ခိုက်ဖမ်းဆီးခံရပြီး သတ်ဖြတ်ခံလိုက်ရသည်။ (၁၈၉၀) တွင် သံတွဲကျိန္တာလီတွင် ငွေကျောက်စိမ်းဗိုလ် ထကြွတော်လှန်ခဲ့သည်။ ထိုနှစ်မှာပင် သံတွဲဆရာတော်ကြီးဦးဆောင်ပြီး ဗုဒ္ဓသာသနာတော်ကို မိစ္ဆာဒိဋ္ဌိသျှနယ်ချဲ့လက်အောက်က ကယ်တင်ရန်အတွက် တော်လှန်ပုန်ကန်ခဲ့ကြသည်။ သံတွဲမြစ်တစ်ရိုးမှ ရခိုင်အမျိုးသားများကို စည်းရုံးပြီး မြို့ကိုဝင်စီးခဲ့ကြသည်။ ထိုတိုက်ပွဲတွင် ဆရာတော်နှင့် ရဟန်းတော်အများအပြားပျံလွန်သွားကြပြီး ကျန်ရဟန်းများ အဖမ်းအဆီးခံခဲ့ကြရသည်။ (၁၈၉၀) တွင် ရခိုင်ပြည် မြောက်ဦး၊ ကျောက်တော်၊ ရသေ့တောင်မြို့များလည်း တော်လှန်ထကြွမှု အမြောက်အမြား ပေါ်ပေါက်ခဲ့သည်။ ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှ၊ ဗိုလ်ဘတို့သည် အင်္ဂလိပ်နယ်ချဲ့အားတော်လှန်ခဲ့ကြသည်။ သံတွဲနယ်မှ ဗိုလ်ကျော်ဝသည် တောင်ပိုင်းမှမြောက်ပိုင်းအထိ တောက်လျှောက် တော်လှန်တိုက်ခိုက်ခဲ့သည်။ သို့သော် အင်္ဂလိပ်နယ်ချဲ့

တို့၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရသည်။ (၁၈၉၁) တွင် ဗိုလ်ချင်းဖို့နှင့် သား မောင်ဖော်အောင်တို့သည် တောင်သူလယ်သမားများကိုစည်းရုံးပြီး အင်္ဂလိပ် နယ်ချဲ့အား တိုက်ပွဲဝင်ခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အား မောင်းထုတ်ပြီး မင်းဆက် ထူထောင်ရန်ကြိုးပမ်းခဲ့ကြသည်။ (၁၈၉၂) ဖေဖော်ဝါရီလတွင် သားဖနှစ်ဦးလုံး ဖမ်းဆီးခံရပြီး စစ်တွေအကျဉ်းထောင်တွင် တိုက်ပိတ်ထားခဲ့သည်။ အကျဉ်းသား တစ်ရာကျော်ခန့်သည် ထောင်တွင်းတွင် တက်ကြွပုန်ကန်ပြီး သားအဖနှစ်ဦး အား လွှတ်ပေးလိုက်ကြသည်။ ထို့နောက် ထောင်ကို ဖောက်ထွင်းရန် တိုက်ခိုက် ခဲ့ကြသည်။ နယ်ချဲ့က တန်ပြန်တိုက်ခိုက်မှုကြောင့် ဖမ်းဆီးမိကာ သားအဖ နှစ် ဦးလုံး ကြိုးပေးပြီး သတ်ဖြတ်ခံခဲ့ရသည်။

ရခိုင်အမျိုးသားများ၏တော်လှန်ရေးသည် တစ်မျိုးသားလုံးပါဝင် စုစည်းထားသော တော်လှန်ရေးမဖြစ်ခဲ့သော်လည်း တစ်ပါးသူလက်အောက်တွင် ခေါင်းငုံ့မခံခဲ့ဘဲ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည်။ ကိုယ့်ပြည်ကို ပြန်ရဖို့အတွက် ရခိုင်အမျိုးသားများသည် အသက်ပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ကြရသည်။

## ဗမာတစ်ပြည်လုံးကျွန်ဘဝကျရောက်ခြင်း

အင်္ဂလိပ်တို့သည် (၁၈၂၄) တွင် အောက်ဗမာပြည်၊ (၁၈၈၅) တွင် အထက်မြန်မာပြည်အား တိုက်ခိုက်သိမ်းပိုက်လျက် ဗမာပြည်ရှိ တိုင်းရင်းသား အားလုံးကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ နည်းပညာနှင့် လက်နက်အင်အားကို အထင်ကြီးစိတ်နှင့် ပြင်းထန်သောဖိနှိပ်မှုများကြောင့် ဗမာအမျိုးသားတစ်ရပ်လုံး၏ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်မှာ တဖြည်းဖြည်း မှုန်ဝါးလာခဲ့သည်။ (၁၉၁၇) တွင် ရခိုင်အမျိုးသား ဆရာတော် ဦးဥတ္တမသည် အာရှတိုက်အနှံ့လှည့်လည်လျက် ဥရောပကိုလိုနီစနစ်ကို အကြမ်း မဖက်အနုနည်းဖြင့် ဆန့်ကျင်ကြရန် တိုက်တွန်းလှုံ့ဆော်ခဲ့သည်။ ဆရာတော်၏ ကျေးဇူးကြောင့် ပြည်သူတစ်ရပ်လုံး နိုင်ငံရေးအသိနိုးကြားလာပြီး ဆန္ဒပြပွဲ၊ သပိတ်မှောက်ပွဲနှင့် တောင်းပွဲ၊ တိုက်ပွဲများ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့သည်။

ဆရာတော်ကား ဝိုင်အမ်ဘီအသင်းကြီးက အင်္ဂလိပ်ဘုရင်မကို ဘုရားသခင်စောင်မပါစေဟူသော ဗြိတိသျှအင်ပါယာ၏နိုင်ငံတော်သီချင်းကို သီဆိုနေရချိန်၊ ပြည်သူလူထုတစ်ရပ်လုံး ဗြိတိသျှအုပ်ချုပ်ရေးယန္တရားတွင် အမှု ထမ်းနေသည့် ဗမာလူမျိုးပုလိပ်ကိုပင် ခေါင်းမော်၍ မကြည့်ဝံ့ချိန်တွင် ဘုရင်ခံ ဆာရယ်ဂီနယ်ကရက်ဒေါက်ကို အင်္ဂလန်ပြန်သွားဟု သတင်းစာတွင် ဖြောင် အရေးဆို တိုက်ပွဲဝင်ခဲ့သည့် အာဂသတ္တိရှင်ဖြစ်ပေသည်။ (၁၉၁၇) မှ (၁၉၃၉)

အတွင်း ဆရာတော်၏နိုင်ငံရေးစာပေနှင့် မိန့်ခွန်းများသည် ဗမာပြည်တစ်ဝှမ်းလုံးရှိ လူထု၊ လူတန်းစား အလွှာအသီးသီးကို လွှမ်းမိုးထားနိုင်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ဆရာတော်ကို (၄) ကြိမ်တိုင်တိုင် ထောင်သွင်း အကျဉ်းချ၍ ညှဉ်းပန်းနှိပ်စက်ခဲ့သော်လည်း ဆရာတော်ကား ပျံလွန်ချိန် (၁၉၃၉) စက်တင်ဘာ (၉) အထိ ဒူးမထောက်၊ လက်မမြှောက် အလျှော့မပေးခဲ့ပေ။ ဗိုလ်ချုပ်အောင်ဆန်းကား ဗမာပြည်၏လွတ်လပ်ရေးဖိသုကာဖြစ်၍ ဆရာတော်ကား ဗမာပြည်လွတ်လပ်ရေး၏မီးရှူးတန်ဆောင်ဖြစ်ပေသည်။ ဗမာပြည်၏ မဟတ္တမဂန္ဒီဟုတင်စား ထိုက်သော ပြည်သူ့ဘက်တော်သားတစ်ဦးလည်း ဖြစ်ပေသည်။

ယင်းကာလက ရခိုင်အမျိုးသားနယ်ချဲ့ ဆန့်ကျင်ရေးသမားများတွင် အယူအဆ (၂) ရပ် ကွဲပြားခဲ့ကြသည်။ တစ်ခုမှာ အင်္ဂလိပ်နှင့် ပူးပေါင်းဆောင်ရွက်ကာ ရခိုင်လူမျိုးများ၏ ပညာရေးနှင့် စီးပွားရေး တိုးတက်အောင်ဆောင်ရွက်ပြီး အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတွင် ဝင်ရောက်အမှုထမ်းကာ ရခိုင်အမျိုးသားတို့၏ရပိုင်ခွင့်များကို တိုးမြှင့်တောင်းဆိုသွားရန်ဖြစ်သည်။ နောက်တစ်ခုမှာ ဗမာအမျိုးသားများနှင့် ပူးပေါင်းတိုက်ပွဲဝင်ပြီး အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရယူရန်ဖြစ်သည်။ ပထမအယူအဆနှင့် အမျိုးသားရေးလှုပ်ရှားခဲ့သူများတွင် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ အိုက်စီအက်စ်ဦးကျော်မင်းနှင့် ဦးမေအောင်တို့ပါဝင်သည်။ ဒုတိယအုပ်စုတွင် ဒေါက်တာ ရွှေခံအောင်၊ ဦးစိန်လှအောင်၊ ဦးစိန်ထွန်းအောင် တို့ပါဝင်သည်။ ထိုခေါင်းဆောင်များသည် ဗမာအမျိုးသားများနှင့် ပူးပေါင်း၍ (၁၉၂၀) တွင် ထူထောင်ကာ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်ခဲ့ကြသည်။ ဗမာနှင့် ပူးပေါင်း၍ အင်္ဂလိပ်ကိုတိုက်ရမည်ဟု ခံယူချက်ရှိသည့်သူများတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်များကို ဦးဆောင်ခဲ့သော မျိုးဆက်သစ်လူငယ်များလည်း အများအပြားပါဝင်ခဲ့သည်။ ယင်းတို့အနက် ပထမကျောင်းသားသပိတ် (၁၉၂၀) တွင် ဦးဘဦး၊ ဒုတိယကျောင်းသားသပိတ် (၁၉၃၀) တွင် ဦးကျော်ရင်၊ ဦးညိုထွန်းနှင့် ဦးဘစံတို့မှာ ထင်ရှားသည်။ ပူးတွဲတိုက်ပွဲဝင်၍ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပါက ရခိုင်အမျိုးသားများအနေဖြင့် သမ္မတနိုင်ငံထူထောင်၍ သီးခြား ရပ်တည်လိုက ရပ်တည်ခွင့်ရှိစေရမည်ဟု အာမခံချက်ပေးခဲ့ကြသောဗမာအမျိုးသားခေါင်းဆောင်များ၏ ကတိကြောင့်လည်း ရခိုင်၊ ဗမာသွေးစည်းညီညွတ်မှု ပိုမိုမြင့်မားခဲ့ရသည်။ (၁၉၃၇)တွင် ဗမာပြည်ကို အိန္ဒိယမှခွဲထုတ်၍ သီးခြား အုပ်ချုပ်လိုက်ချိန်တွင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှား မှုပို၍ အရှိန်အဟုန်ကြီးမားလာခဲ့သည်။ (၁၉၃၉) တွင် ရခိုင်ပြည်ရှိ လူထု၊ လူတန်းစားပေါင်းစုံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းပေါင်းစုံပါဝင်သော ရခိုင်

အမျိုးသားကွန်ဂရက်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ရခိုင်ပြည်အနှံ့အပြားတွင် လယ်သမားလှုပ်ရှားမှုနှင့် လူထုလှုပ်ရှားမှုများလည်း အားကောင်းလာခဲ့သည်။

## ဖက်ဆစ်ဂျပန်လက်အောက်ကျရောက်ခြင်း

(၁၉၄၂) တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်က အကူအညီတောင်း၍ ဂျပန်ဝင်ရောက်လာသောအခါ ဗမာတစ်ပြည်လုံး ဂျပန်ကို ကယ်တင်ရှင်ဟု ထင်မှတ်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို လက်တွေ့ခံစားရသည့်အခါမှသာ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးသည့် အဖြစ်ကိုရောက်ခဲ့ရကြောင်း သဘောပေါက်ခဲ့ကြသည်။ အိန္ဒိယသို့ ဆုတ်ခွာသွားသည့် အင်္ဂလိပ်တို့ကလည်း မေယုခရိုင်ရှိ ဘင်္ဂါလီမူဆလင်များလက်တွင် လက်နက်များ ချန်ထားရစ်ခဲ့ပြီး ရခိုင်အမျိုးသားနှင့် ဘင်္ဂါလီမူဆလင်များကြား လူမျိုးရေးနှင့် ဘာသာရေး အဓိကရုဏ်းများ ဖန်တီးကာ အစိုးရသစ်ကို အကြပ်အတည်းနှင့်ကြုံအောင် ပြုလုပ်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့သည် (၁၉၄၃) ဩဂုတ်(စ်) (၁) ရက်နေ့တွင် ဒေါက်တာဘမော်ကို ရုပ်သေးအစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် တင်မြှောက်လျက် ဗမာပြည်ကို အတုအယောင်လွတ်လပ်ရေး ပေးခဲ့ကြသည်။ (၁၉၄၂) တွင် တည်ထောင်သော ရခိုင်အမျိုးသားကွန်ဂရက်၏ ခေါင်းဆောင်များဖြစ်သည့် ဆရာတော်ဦးစိန္တာနှင့် ဦးညိုထွန်းတို့သည် ဗမာခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရ (၁၉၄၄) တွင် ရန်ကုန်၌ကျင်းပသည့် ဖက်ဆစ်ဆန့်ကျင်ရေးညီလာခံသို့တက်ရောက်ကာ ရခိုင်အမျိုးသားများကိုယ်စား ဗမာ့တော်လှန်ရေးတပ်ဦး သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ဗမာ့တော်လှန်ရေးတပ်ဦး၏နိုင်ငံရေးလမ်းစဉ်မှာ အဖိနှိပ်ခံတိုင်းရင်းသား များလက်တွဲ၍ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ကာ တန်းတူရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရှိသောပြည်ထောင်စု တည်ဆောက်ရန်ဖြစ်သည်။ တိုင်းရင်းသားများအနေဖြင့် မိမိတို့ဖာသာ မိမိတို့ သီးခြားအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ရပ်တည်လိုကလည်း လက်ခံသည်။ ရခိုင်အမျိုးသားကွန်ဂရက်ခေါင်းဆောင်များသည် ဖက်ဆစ်ဂျပန်ကိုတိုက်ခိုက်ရန်အတွက် ဗိုလ်ကြီးကြာလှအောင်ကို စစ်ဦးစီးချုပ်ခန့်လျက် အင်အား (၃၀၀၀) ခန့်ရှိသည့် ရခိုင့်ကာကွယ်ရေးတပ်မတော်ကို ရခိုင်ပြည်ကျေးလက်ဒေသများ၌ ဖွဲ့စည်းထားခဲ့ကြသည်။ ရခိုင်အမျိုးသားကွန်ဂရက်သည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ခေါင်းဆောင်များ အိန္ဒိယသို့သွားရောက်၍ ဂျပန်ကိုတိုက်ဖို့ အင်္ဂလိပ်ကို အကူအညီတောင်းခံရာတွင်လည်း များစွာအကူအညီပေးခဲ့ကြသည်။ (၁၉၄၄) နှစ်လယ်ပိုင်းတွင် ရခိုင့်ကာကွယ်ရေးတပ်မတော်မှ ဖက်ဆစ်ဂျပန်ကို ပြောက်

ကျားစစ်ဖြင့် စတင်တိုက်ခိုက်ခဲ့ရာ နှစ်ကုန်ပိုင်းတွင် ဖက်ဆစ်အားလုံးကို ရခိုင်ပြည်တွင်းမှ မောင်းထုတ်နိုင်ခဲ့သည်။ ထို့နောက် ရခိုင်အမျိုးသားအစိုးရ ဖွဲ့စည်းရန် ပြင်ဆင်နေစဉ် ရခိုင့်ကာကွယ်ရေးတပ်မတော်လက်ထဲရှိ လက်နက်များကို ပြည်မရှိ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလတပ်များသို့ လွှဲပြောင်းပေးရန်ဟုဆိုကာ အင်္ဂလိပ်တို့က လက်နက်ပြန်လည်အပ်နှင်းရန် တောင်းဆိုခဲ့ကြသည်။ အင်္ဂလိပ်တို့ ကတိမတည်လျှင် လက်နက်ကိုင်တိုက်ပွဲ ပြန်လည်ဆင်နွှဲပြီး လွတ်လပ်ရေးရယူမည်ဟု ပြင်ဆင်ထားကြသော ဦးစိန္တာတို့အဖွဲ့က လက်နက်ပြန်လည်အပ်နှင်းရန် ငြင်းဆန်ရာ အင်္ဂလိပ်အစိုးရက ခိုးသား၊ ဓားပြများအဖြစ် ဝရမ်းကပ်၍ ဖမ်းမိန့်ထုတ်ခဲ့သည်။ စင်စစ်အားဖြင့် ဖဆပလတပ်ဖွဲ့များသို့ လက်နက်လွှဲပြောင်းပေးရန်ဆိုသည်မှာ အပျော့ဆွဲ၍ လက်နက်သိမ်းလိုသည့် နယ်ချဲ့အင်္ဂလိပ်တို့၏ပရိယာယ်သာဖြစ်သည်။ ဤသည်ကို နားမလည်သော ဗမာခေါင်းဆောင်တစ်ချို့သည် ရခိုင်အမျိုးသားတော်လှန်ရေးသမားများအပေါ် အထင်အမြင်လွဲမှားကာ အခဲမကြေ ဖြစ်ခဲ့ကြသည်။

## နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခြင်း

(၁၉၄၅) နှစ်ဦးပိုင်းတွင် ရခိုင်ပြည်သူလူထုအကြား အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓာတ်များ ကြီးထွားလာကာ ရခိုင်ပြည်အနှံ့အပြား ဆန္ဒပြပွဲနှင့် သပိတ်တိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ ဦးစိန္တာဦးဆောင်သော ရခိုင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ပြည်မမှ စည်းရုံးရေးဆင်းလာသော ဖဆပလလည်း အင်အားကောင်းလာခဲ့သည်။ (၁၉၄၆) တွင် မြေပုံညီလာခံကျင်းပခဲ့ရာ ရခိုင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ ရခိုင်တိုင်း ဖဆပလ၊ ရခိုင်တိုင်းပြည်သူ့ရဲဘော်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်တိုင်း)၊ အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)၊ လူငယ်များအစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ တောင်သူလယ်သမားများအဖွဲ့ချုပ်၊ ရဲဝန်ထမ်းသမဂ္ဂ၊ စာရေး၊ စာချီစသော လူထု၊ လူတန်းစားပေါင်းစုံအင်အား (၆၀၀၀၀) တက်ရောက်ခဲ့ကြသည်။ ၎င်းတွင် ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အတွင်းရေးမှူးဦးဘဆွေတို့လည်းပါဝင်သည်။ ဤညီလာခံတွင် ယင်းကာလကရေပန်းစားနေသော လက်ဝဲနိုင်ငံရေးအတွေးအခေါ်ကို အခြေခံလျက် လက်ဝဲညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ မြေပုံညီလာခံအပြီးတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ဆရာတော်ဦးစိန္တာကို ဓားပြဗိုလ်အဖြစ် ဝရမ်းထုတ်၍ ဖမ်းဆီးခဲ့ကြသည်။ (၁၉၄၅) နှစ်ဦးပိုင်းက အင်္ဂလိပ်အစိုးရကို လက်နက်ပြန်လည်အပ်နှံဖို့ ငြင်းဆန်ချက်ကို နားလည်မှုလွဲကာ အခဲမကြေဖြစ်နေကြသော ဗမာနိုင်ငံရေးခေါင်းဆောင်အချို့ကလည်း အဖိ

နှိပ်ခံချင်း ကိုယ်ချင်းမစာဘဲ ဆရာတော်အား ဖမ်းဆီးခြင်းကို အားပေး၊ အားမြှောက်ပြုခဲ့ကြသည်။ ဆရာတော်အဖမ်းခံရသည့်အပေါ် မကျေနပ်သောပြည်သူလူထုသည် အင်္ဂလိပ်အစိုးရကို အခွန်၊ အခမပေးဘဲ သပိတ်မှောက်ခဲ့ကြသည်။ ရခိုင်လူငယ်အချို့ကလည်း အင်္ဂလိပ်တို့၏ တပ်စခန်းများကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ မင်းပြားမြို့တွင် လူထုဆန္ဒပြပွဲကို ဖဆပလတပ်များက အကြမ်းဖက်နှိမ်နင်းရာ ပြည်သူ (၂) ဦး သေဆုံးသွားသဖြင့် ရခိုင်အမျိုးသားများသာမက ဗမာပြည်သူများပါမကျေမနပ်ဖြစ်ကာ ဆရာတော်ကိုလွှတ်ပေးဖို့ ပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြသည်။ ယင်းကာလတွင် ဖဆပလနှင့် အင်္ဂလိပ်တပ်များပူးပေါင်းစစ်ဆင်ကာ ရခိုင်ပြောက်ကျားများအား နှိမ်နင်းခဲ့ကြသည်။ ဦးပညာသီဟ၊ ဦးညိုထွန်းနှင့် ဦးအောင်ဇံဝေတို့ကမူ ဖဆပလနှင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုကို ယုံကြည်ကာ နိုင်ငံရေးအရတောင်းဆိုတိုက်ပွဲဝင်၍ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး အမြန်ရရှိစေရန်အတွက် ဗမာမဟုတ်သောတိုင်းရင်းသားများကို တန်းတူအခွင့်အရေး ပေးမည်ဟု အာမခံကာ နိုင်ငံရေးအရ စည်းရုံးထောက်ခံမှုကိုရယူခဲ့သည်။ အောင်ဆန်း – အက်တလီစာချုပ်ချုပ်ဆို၍ (၁) နှစ်အတွင်း လွတ်လပ်ရေးအရယူရန် ပြင်ဆင်စိုင်းပြင်းခဲ့ကြသည်။ သို့သော် (၁၉၄၇) ဇူလိုင်လ (၁၉) ရက်နေ့တွင် ဂဠုန်ဦးစောက လုပ်ကြံသတ်ဖြတ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင် (၉) ဦး ကျဆုံးခဲ့ရသည်။ ဗိုလ်ချုပ်၏ခေါင်းဆောင်မှု အရိုက်အရာကို ဦးနုကဆက်ခံကာ နု–အက်တလီစာချုပ်ချုပ်ဆိုလျက် (၁၉၄၈) ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗမာပြည်လွတ်လပ်ရေးကို ရယူနိုင်ခဲ့ သည်။

## ဗမာပြည်လွတ်လပ်ရေးရရှိခြင်း

လွတ်လပ်ရေးရခါစတွင် ကျင့်သုံးခဲ့သော (၁၉၄၇) ဖွဲ့စည်းပုံသည် ဗမာမဟုတ်သော တိုင်းရင်းသားတို့၏အမျိုးသားတန်းတူရေးကို အာမခံချက် မပေးနိုင်သော တစ်ပြည်ထောင်စနစ် ဖွဲ့စည်းပုံသာဖြစ်ခဲ့သည်။ တိုင်းရင်းသားတို့၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွါးရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဗမာလူမျိုးများကလက်ဝါးကြီး အုပ်ထားခဲ့ကြသည်။ သို့ဖြစ်၍ ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ **(AIO)** ၏ အတွင်းရေးမှူးဆရာစံကျော်ထွန်းက ရခိုင်ပြည်သည် ကမ္ဘာကမသိလိုက်ဘဲ ဗမာနယ်ချဲ့လက်အောက်သို့ သွတ်သွင်းခံလိုက်ရသည့် “ကျွန်ပုန်းကိုလိုနီနိုင်ငံ” ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ ထို့

ကြောင့် (၁၉၄၈) လွတ်လပ်ရေးရစကာလမှ စတင်၍ ရခိုင်နိုင်ငံရေးအဖွဲ့ အစည်းအချို့သည် ဗမာနယ်ချဲ့ရန်ကို ပြန်လည်တွန်းလှန်ခဲ့ရပေသည်။

(၁၉၅၈) တွင် ဖဆပလ (၂) ခြမ်းကွဲ၍ ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလက ရခိုင်ပြည်ပေးမည်ဟု မဲဆွယ်စည်းရုံးခဲ့သည်။ ဦးဘဆွေ ခေါင်းဆောင်သော တည်မြဲဖဆပလက "ပြည်နယ်တော့ မပေးနိုင်ဘူး။ ကျန်တဲ့ ဟာကို ပေးနိုင်တယ်" ဟုဆိုကာ မဲဆွယ်စည်းရုံးသည်။ အတိတ်က ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် ရပ်တည်ခဲ့သော၊ မကြာမီအချိန်အထိ ဗမာအမျိုးသားတစ်ရပ်လုံး နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ဖို့ သက်စွန့် တိုက်ပွဲဝင်ခဲ့ကြသော ရခိုင်အမျိုးသားများသည် လွတ်လပ်ရေးရချိန်တွင် အမည်ခံပြည်နယ်အဆင့်ကိုပင် လက်ဝါးဖြန့်၍ မနည်း တောင်းဆိုနေရပေသည်။ တန်းတူအခွင့်အရေးနှင့် ပြည်နယ်လိုချင်သောရခိုင်အမျိုးသားအများစုက ဦးနုကို ထောက်ခံမဲပေး၍ (၁၉၆၀) ဖေဖော်ဝါရီတွင် သန့်ရှင်းဖဆပလ အာဏာရရှိလာ သည်။ သို့သော် ရခိုင်တို့မှာ ပြည်နယ်မရရှိခဲ့သည်သာမက မေယုခရိုင်ရှိ တရား မဝင် ဝင်ရောက်နေထိုင်နေကြသော ဘင်္ဂလီမူဆလင်များကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ (၁၉၄၈) မှ (၁၉၆၂) အတွင်း တိုင်း ရင်းသားများ၏ တန်းတူပြည်နယ်ရရှိရေးလှုပ်ရှားမှု အင်အားကောင်းလာခဲ့ သည်။ (၁၉၆၂) ဖေဖော်ဝါရီ (၂၅) တွင် တိုင်းရင်းသားများစုပေါင်း၍သမိုင်းဝင် တောင်ကြီးညီလာခံကျင်းပလျက် "ရှမ်းမူ" ဟု လူသိများသော ပြည်နယ်ပေါင်းစု ပြည်ထောင်စုဖွဲ့စည်းပုံမူကြမ်းကို ရေးဆွဲခဲ့ကြသည်။ ပြည်ထောင်စုဖွဲ့စည်းပုံရေး ဆွဲရာတွင် ပါဝင်ရမည့်အခြေခံရမည့် မူများအားအောက်ပါအတိုင်း ချမှတ်ခဲ့ကြ သည်။

(၁) ပြည်ထောင်စုကို တန်းတူအခွင့်အာဏာရှိသည့် အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံလျက်ဖွဲ့စည်းရမည်။
(၂) ပြည်ထောင်စုအစိုးရကို သီးခြားအပ်နှင်းထားသော အာဏာအချို့မှလွဲ၍ ပြည်နယ်အစိုးရတိုင်းတွင် တန်းတူအခွင့်အာဏာ ရှိစေရမည်။
(၃) ပြည်နယ်အလိုက် သီးခြားဖွဲ့စည်းပုံ၊ ဥပဒေပြုလွှတ်တော်နှင့် အစိုးရအဖွဲ့ များရှိရမည်။
(၄) ပြည်ထောင်စုလွှတ်တော်ကို လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ ၍ လွှတ်တော် (၂) ရပ်ဖြင့် ဖွဲ့စည်းရမည်။ ယင်းလွှတ်တော် (၂) ရပ်သည် ထပ်တူအာဏာရှိရမည်။

(၅) ပြည်ထောင်စုလွှတ်တော်သည် (က) နိုင်ငံခြားရေး (ခ) ကာကွယ်ရေး (ဂ) ဘဏ္ဍာရေး(ဃ) တရားစီရင်ရေး (င) ငွေစက္ကူရိုက်နှိပ်ထုတ်ဝေရေး (စ) ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး (ဆ) မီးရထားနှင့်လေကြောင်း သယ်ယူပို့ဆောင်ရေး (ဇ) အကောက်ခွန်နှင့် ဆိပ်ကမ်းမြို့များနှင့်သက် ဆိုင်သည့် ဥပဒေများကိုပြုပိုင်ခွင့်ရှိရမည်။

(၆) ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိလျက်၊ ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်ခွင့်ရှိရမည်။

(၇) ပြည်နယ်တိုင်းအတွက် အစိုးရ၏ဘဏ္ဍာရေးအသုံးစရိတ်ကို ညီမျှစွာ ခွဲဝေရမည်။ ပြည်နယ်ပိုင်သဘာဝသယံဇာတနှင့် စီးပွါးရေးအဆောက်အအုံများကို ပြည်နယ်လူထုကသာ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

ထိုသို့တိုင်းရင်းသားလူမျိုးစုများက အမျိုးသားများတန်းတူရေးကို အာမခံပေးနိုင်သည့် ပြည်ထောင်စုဖွဲ့စည်းပုံကို ရေးဆွဲတင်ပြရန် ကြိုးပမ်းနေစဉ် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော လူမျိုးကြီးဝါဒီ စစ်ဗိုလ်ချုပ်များက တိုင်းပြည်ပြိုကွဲမည်စိုး၍ဟုဆိုကာ (၁၉၆၂) တွင် နိုင်ငံတော်အာဏာကို စစ်တပ်အားကိုးဖြင့် သိမ်းယူလိုက်သည်။ လွှတ်တော်ကို ဖျက်သိမ်း၍ သမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တောင်ကြီးညီလာခံသို့တက်ရောက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များကို အပြစ်တစ်စုံတစ်ရာမရှိဘဲ ထောင်သွင်းအကျဉ်းချလိုက်သည်။ ထို့နောက် စစ်ဗိုလ်၊ စစ်သားများ ကြီးစိုးသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ကာ အရင်းရှင်နယ်ချဲ့ဝါဒ၊ လူမျိုးကြီးဝါဒ၊ စစ်အာဏာရှင်ဝါဒနှင့် တစ်ပါတီအာဏာရှင်စနစ်ကို တရားဝင် ကျင့်သုံးကြတော့သည်။

## စစ်အာဏာရှင်လက်အောက်ကျရောက်ခြင်း

ဗိုလ်နေဝင်း စစ်အာဏာသိမ်း၍ မကြာခင်မှာပင် ဦးပေါ်ဦးနှင့် ဦးမောင်စိန်ညွှန့်တို့သည် ရခိုင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီး (၁၉၆၂) မှ (၁၉၆၉) အထိ မဆလအစိုးရကို တော်လှန်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဦးကျော်ဇံရှီနှင့် ဦးမောင်ဟန်တို့ဦးဆောင်သော ရခိုင်အမျိုးသားများသည် သခင်စိုးဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ (အလံနီ)မှ ခွဲထွက်ကာ ရခိုင်ပြည်ကွန်မြူနစ်ပါတီကို ထူထောင်လျက် ရခိုင်အမျိုးသားရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည်။ (၁၉၆၃) တော်လှန်ရေးကောင်စီမှ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲကြောင်းကြေညာပြီး တစ်နိုင်ငံလုံးရှိ လက်

နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ ဤဆွေးနွေးပွဲသို့ ရခိုင်ပြည်ကွန်မြူနစ်ပါတီမှ ဦးကျော်ဇံရှိနှင့် ဦးသိန်းဖေတို့ တက်ရောက်ပြီး ရခိုင်အမျိုးသားများ၏ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ကို အသိအမှတ်ပြုသည့်အနေဖြင့် ရခိုင်ပြည်မှ ဗမာတပ်များ ရုပ်သိမ်းရန်တောင်းဆိုရာ လိုက်လျောမှုတစ်စုံတစ်ရာမရှိသဖြင့် ဆွေးနွေးပွဲမှ နုတ်ထွက်ပြီး လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့သည်။ လက်တွေ့အားဖြင့်လည်း တော်လှန်ရေးကောင်စီ၏ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အတိုက်အခံများက ငြိမ်းချမ်းရေးမလိုလားသဖြင့် ပြည်တွင်းစစ်မီး တောက်လောင်နေရပါသည်ဟု ပြည်သူလူထုနှင့်နိုင်ငံတကာကို အကြောင်းပြချက်ပေးလိုသော ဗိုလ်ချုပ်နေဝင်း၏နိုင်ငံရေး လှည့်ကွက်တစ်ခုသာ ဖြစ်ပေသည်။ (၁၉၆၄) တွင် ဗိုလ်ကြီးကြာလှအောင် ဦးဆောင်သော ရခိုင်အမျိုးသားညီညွတ်ရေးအဖွဲ့ ကျေးလက်ဒေသများကို အခြေခံကာ မဆလအစိုးရအား ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်ခဲ့ရာ စစ်ရေးအရ ထိရောက်မှုရှိခဲ့သော်လည်း ပြည်သူလူထုနှင့် ဝေးလံခေါင်းပါးသောနေရာများတွင်သာ လှုပ်ရှားခဲ့သည်ဖြစ်ရာ စည်းရုံးရေးအရ အရေးနိမ့်ခဲ့ရသည်။

မဆလအစိုးရလက်အောက်တွင် တစ်နိုင်ငံလုံး နိုင်ငံရေးအရ ဖိနှိပ်ခံခဲ့ရသည်။ လူမှု၊ စီးပွါးရေးဆိုင်ရာ ကြပ်တည်းနစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

## ဖွဲ့ပေးလိုက်ရသော ရက္ခဥာနီ

အချုပ်အခြာအာဏာကျဆုံးသွားသော ရခိုင်နိုင်ငံတော်၏ နယ်နမိတ်အား အနည်းငယ်ဖော်ပြလိုပါသည်။

ရခိုင်ပြည်သည် ဗမာပြည်၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး အရှေ့ဘက်တွင် မကွေးတိုင်း၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ဧရာဝတီတိုင်း၊ မြောက်ဘက်တွင် ချင်းပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။ (၁၈၂၄) အင်္ဂလိပ်၊ ဗမာစစ်အပြီးတွင် ချုပ်ဆိုသော ရန္တပိုစာချုပ်အရ ရခိုင်ပြည်၏နယ်နမိတ်မှာ မြောက်ပိုင်းတွင် ချင်းပြည်နယ် ပလက်ဝတောင်တန်းဒေသမှ တောင်ပိုင်းနဂရေအငူနှင့် ဟိုင်ကြီးကျွန်းအထိ ကျယ်ပြန့်ခဲ့သည်။ ရခိုင်ပြည်၏နယ်နမိတ်အကျယ်အဝန်းမှာလည်း (၂၁၆၉၄) စတုရန်းမိုင် ရှိခဲ့သည်။ သို့ရာတွင် ရခိုင်တောင်ပိုင်းဒေသ ကျောက်ချွန်းမြစ်မှ နဂရေအငူအထိ ရှည်လျားသောနယ်မြေများအား ဗြိတိသျှတို့က အုပ်ချုပ်ရေးယန္တရား ပိုမိုလွယ်ကူရေးအတွက် ဒုတိယ အင်္ဂလိပ်–ဗမာစစ်အပြီး ခရာဇ်

နှစ် (၁၈၅၃) တွင် ပုသိမ်ခရိုင် (ယခု ဧရာဝတီတိုင်း) အတွင်းသို့ ထည့်သွင်းလိုက်လေသည်။ ထို့ကြောင့် ရခိုင်ပြည်၏နယ်နိမိတ်မှာ (၂၁၆၉၄) စတုရန်းမိုင်မှ (၁၈၉၄၅) စတုရန်းမိုင် ခန့် လျော့ကျသွားလေသည်။

အိန္ဒိယ–ဗမာ ခွဲရေး၊ တွဲရေးပြဿနာအပြီး (၁၉၃၇) တွင် အင်္ဂလိပ်အက်ဥပဒေအရ နတ်မြစ်အနောက်ဘက်ကမ်း (၃၇) မိုင်ရှည်လျားသော အနောက်ဘက်ကမ်းရိုးတန်းအား အိန္ဒိယနိုင်ငံ၏အုပ်ချုပ်ရေးလက်အောက်သို့ သွတ်သွင်းလိုက်သောကြောင့် ရခိုင်ကမ်းရိုးတန်းအလျားမှာ (၄၈၀) မိုင်မှ (၄၄၃) မိုင်သို့ လျော့ဆင်းသွားခဲ့သည်။ ထို့ပြင် ဗမာပြည်လွတ်လပ်ရေးရပြီး (၁၉၅၃) တွင် ယခုပလက်ဝခရိုင်ဟုခေါ်သော ရခိုင်မြောက်ပိုင်းတောင်တန်းဒေသကိုလည်း ချင်းပြည်နယ်ထဲသို့ ဆွဲသွင်းခြင်းခံလိုက်ရသည့်အတွက် ယခုလက်ရှိဗမာပြည်တွင် သတ်မှတ်ထားသော ရခိုင်ပြည်နယ်၏နယ်နိမိတ်အကျယ်အဝန်းမှာ (၁၄၂၀၀) စတုရန်းမိုင်မျှသာ ကျန်ရှိတော့သည်။

## ဗိုလ်နေဝင်းနှင့် ဆန်ပြဿနာ

စစ်အာဏာရှင် ဗိုလ်နေဝင်းအစိုးရလက်ထက် မဆလတစ်ပါတီအာဏာရှင်စနစ်ဖြင့် တိုင်းပြည်အား ဓားမိုးအုပ်ချုပ်နေချိန် ( ၁၉၆၇) ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆန်ပြဿနာ အကြီးအကျယ်ဖြစ်ပွားခဲ့သည်။

မဆလပါတီသည် အခြေခံလူတန်းစားကြီးနှစ်ရပ်ဟု ကြွေးကြော်ထားသော လယ်သမား၊ အလုပ်သမားများအတွက် တောင်သူလယ်သမားနီးနှောဖလှယ်ပွဲနှင့် အလုပ်သမားနီးနှောဖလှယ်ပွဲများအား နှစ်ခုပြုလုပ်ကျင်းပပေးလျက်ရှိသည်။ (၁၉၆၇) ခုနှစ် မတ်လ (၂) ရက်နေ့တွင် မဆလပါတီက "ဗဟိုတောင်သူလယ်သမားကောင်စီ"ကို ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီ စတင်ဖွဲ့စည်းခြင်းသည်ပင် ဆန်ရှားပါးမှုပြဿနာဖြစ်ပေါ်စေသောအကြောင်းအရင်းတစ်ခု ဖြစ်ပေသည်။ (၁၉၆၆) ခုနှစ် စိုက်ပျိုးရာသီတုန်းက ရာသီဥတုဖောက်ပြန်ခဲ့သောကြောင့် ဗမာပြည်တွင် စပါးစိုက်ပျိုးဧက (၁၁) သိန်းကျော်ပျက်စီးခဲ့ရပြီး စပါးတင်း သိန်းပေါင်း (၅၀၀) ကျော်ပျက်စီးခဲ့ရသည်။ သို့သော် ဗိုလ်နေဝင်းအစိုးရသည် ပြည်တွင်းစားသုံးမှုကို အလေးမထားဘဲ ဆန်ပြတ်လတ်မှုဖြစ်မည်ကို သိသိကြီးနှင့် နိုင်ငံခြားငွေရရှိရေးအတွက် ဆန်တန်ချိန် (၁.၁) သန်းကျော်တင်ပို့ရောင်းချခဲ့သည်။ ထို့ပြင် အစိုးရက ဆန်ကို လွတ်လပ်စွာရောင်းဝယ်ခွင့်မပေးဘဲ တင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားသည့်အတွက် ဆန်ရှားပါးမှုပြဿနာ ပိုမိုကြီးထွားလာခဲ့သည်။ အစိုးရသည် ပြည်သူလူထုလိုလားချက်ကို အလေးမထားဘဲ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနေမှု၊ စီးပွား

ရေးလုပ်ငန်းများအား လက်ဝါးကြီးအုပ်ထားမှု၊ ချုပ်ချယ်ကန့်သတ်သောပေါ်လစီများချမှတ်ကာ စီးပွားရေးမှန်သမျှအား ပိတ်ပင်ကန့်သတ်မှုများကြောင့် ဆန်ပြတ်လတ်မှုပြဿနာဖြစ်ရခြင်းအကြောင်းအရင်းများဖြစ်ပေသည်။ (၁၉၆၇) ခုစပါးသစ်ထွက်ရှိပြီး လပိုင်းခန့်သာရှိသေးသည့်အချိန်တွင် ဆန်ပြတ်လတ်မှုစတင်ဖြစ်ပွားခဲ့ပြီး ဆန်ဈေးများလည်း တဟုန်ထိုး မြင့်တက်လာခဲ့သည်။ (၁၉၆၂) ခုနှစ် စစ်အစိုးရအာဏာသိမ်းစဉ်က ဆန်တစ်ပြည် ပြား (၆၀) သာရှိခဲ့ရာ (၁၉၆၇) ခုနှစ် ဆန်ပြဿနာကြုံတွေ့ရစဉ်တွင် ဆန်တစ်ပြည် (၇) ကျပ်မှ (၈) ကျပ်အထိဖြစ်ပွားခဲ့သည်။ ထိုကဲ့သို့ ဗမာပြည်တစ်ပြည်လုံး ဆန်ပြတ်လတ်မှုပြဿနာဖြစ်ပွားရာ အဆိုးဝါးဆုံးခံစားခဲ့ရသူများမှာ ရခိုင်ပြည်သူများဖြစ်သည်။

## နယ်ချဲ့အင်္ဂလိပ်တည်သောမြို့

ပထမ အင်္ဂလိပ်–ဗမာစစ်ပွဲမှာ ဘိုးတော်ဘုရား ရခိုင်ပြည်ကို သိမ်းယူပြီး နှစ် (၄၀) အကြာတွင် ဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲကြောင့် အင်္ဂလိပ်–ဗမာ ရန္တပိုစာချုပ်ကို (၁၈၂၆) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်တွင်ချုပ်ဆိုခဲ့ပြီး ရခိုင်နှင့် တနင်္သာရီဒေသကို ဗြိတိသျှနယ်ချဲ့သမားများအားပေးလိုက်ရသည်။ ရခိုင်ပြည်ကို နယ်ချဲ့အင်္ဂလိပ်များ သိမ်းယူသည့်အချိန်ထိ ရခိုင်ပြည်၏မြို့တော်မှာ မြောက်ဦးမြို့ဖြစ်သည်။ မြောက်ဦးသည် ပင်လယ်နှင့် အလှမ်းဝေးခြင်း၊ ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်မှုမရှိခြင်း၊ ခရီးသွားလာရေးခက်ခဲခြင်း၊ ကူးသန်းရောင်းဝယ်ရေးတွင် ဗြိတိသျှနယ်ချဲ့သမားများအတွက် အဟန့်အတားဖြစ်နေခြင်းတို့ကြောင့် ရခိုင်ပြည်၏မြို့တော်အဖြစ် စစ်တွေကျွန်းအား ရွေးချယ်ခဲ့ကြသည်။

ရခိုင်ပြည်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့သောအချိန် ရခိုင်ဘုရင်များလက်ထက်က စစ်တွေကျွန်းသည် စစ်ရေးအရ အချက်အချာကျခဲ့သောကျွန်းတစ်ကျွန်းဖြစ်သည်။ ကျွန်း၏အမည်တွင် "စစ်" ဆိုသည့်စကားရပ်သည် စစ်ရေးအရအရေးပါမှုကို ထင်ရှားစေသည်။ မူလ စစ်တဲဆိုသည့်ဝေါဟာရမှ စစ်တေး၊ စစ်တွေဟု ပြောင်းလဲဖြစ်လာခြင်းဖြစ်သည်။ စစ်တဲဟူသော အဓိပ္ပာယ်မှာ စစ်နှင့်ဆိုင်ရာအင်အားစုများ စစ်တဲချရာအရပ် ဖြစ်သည်။ သို့သော် ရခိုင်ပြည်အား ဗမာနယ်ချဲ့များသိမ်းပိုက်လိုက်သောကြောင့် စစ်တွေကျွန်း၏ စစ်ရေးအရအရေးပါမှုသည်လည်း လျော့ကျသွားခဲ့ပြီး တံငါရွာအဆင့်ဖြစ်ခဲ့ရသည်။ ထိုကြောင့် အင်္ဂလိပ်မှတ်တမ်းများတွင် စစ်တွေမြို့အား

"တံငါရွာ"အဖြစ် ရေးသားခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့သမားများအုပ်စိုးစဉ်က စစ်တွေမြို့သည် ဗမာပြည်၏ လူဦးရေအများဆုံးမြို့ကြီး (၁၀) မြို့အနက် တစ်မြို့အပါအဝင်ဖြစ်သည်။ စစ်တွေမြို့အား ဗြိတိသျှနယ်ချဲ့သမားများသည် သူတို့အကျိုးစီးပွားအတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့သမားများက စစ်တွေမြို့အား သူတို့အကျိုးစီးပွားအတွက် တည်ထောင်ခဲ့ကြသလို ရခိုင်မျိုးချစ်များကလည်း နယ်ချဲ့ဆန့်ရေး၊ အမျိုးသားလွတ်မြောက်ရေး အင်အားစုများမွေးထုတ်ပေးသည် ဘုမ္မိနက်သန်မြေအဖြစ်အသုံးပြုခဲ့သည်။ မင်းသားကြီးရွှေဘန်း၊ မြို့သူကြီး အောင်ကျော်ဇံ၊ ဒေးဝန်ကြီးအောင်ကျော်ရွှီတို့ဦးဆောင်သည့် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများသည် စစ်တွေမြို့ကိုအခြေခံပြီး နယ်ချဲ့အင်္ဂလိပ်များအား တော်လှန်ခဲ့ကြသည်။

စစ်တွေမြို့သည် ဒုတိယကမ္ဘာစစ်ကာလကလည်း အရေးပါသောမြို့တစ်မြို့ဖြစ်ခဲ့သည်။

စစ်တွေသည် ဗုံးဒဏ်လည်းခံခဲ့ရသည်။ စစ်မြေပြင်လည်းဖြစ်ခဲ့ရသည်။ ကိုလိုနီသမိုင်းကို ဖြတ်သန်းခဲ့ရသော စစ်တွေမြို့သည် ကိုလိုနီစနစ်၏ ကောင်းမွေ ဆိုးမွေများကိုလည်း လက်ခံရရှိခဲ့သည်။ နယ်ချဲ့အင်္ဂလိပ် တည်ထောင်ခဲ့သော မြို့၊ နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်၊ ဗမာလူမျိုးကြီးဝါဒီ၊ စစ်ဝါဒီများ သွေးစုပ်၊ ရက်စက်၊ သတ်ဖြတ်ခြင်းခံခဲ့ရသော မြို့။

ကိုလိုနီအဆောင်အယောင်များတည်ရှိရာ စစ်တွေမြို့တွင် ရာဇဝင်ရိုင်းလောက်အောင် ရက်စက်ကြမ်းကြုတ်လှသော အစုအလိုက်အပြုံလိုက်လူသတ်မှုကြီးသည် ဗမာပြည်လွတ်လပ်ရေးရပြီး (၁၉) နှစ်အကြာ (၁၉၆၇) ဩဂုတ်(စ်) (၁၃) ရက်နေ့တွင်ဖြစ်ပွားခဲ့သည်။

စစ်တွေမြို့ရှိ ဆတ်ရိုးကျချောင်းသည် အရှေ့ဘက်မှ အနောက်ဘက်သို့ ဝေ့ကာ စီးဝင်လျက်ရှိသည်။ စစ်တွေကျွန်း၏အနောက်မြောက်ဘက်တွင် ကြို့တဲချောင်းနှင့် မယူမြစ် (၃) ခု ပေါင်းဆုံပြီး ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်လျက်ရှိသည်။ ဆတ်ရိုးကျတစ်ရိုးတွင် အရှေ့မှ အနောက် နာဇီရွာအထိ ဆန်စက်များ၊ စပါးသိုလှောင်ရုံများ၊ သင်္ဘောဆိပ်များ၊ ဘုတ်ဆိပ်များ၊ လောင်းလှေများ ပြည့်နှက်လျက်ရှိသည်။ ကုလားတန်မြစ်နှင့် ပေါင်းဆုံရာ ဆတ်ရိုးကျချောင်းဝမှ မိုင်အနည်းငယ်ဝေးသောနေရာမှာ နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ထားသည်။

ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် ရခိုင်တနံတလျားမှ ထွက်သည့် စပါးများကို ဆတ်ရိုးကျချောင်းတရိုးတွင် လာရောက်ရောင်းချကြသည်။ ဆတ်

ရိုးကျချောင်းရှိ ဆန်စက်များမှ ကြိတ်ခွဲပြီး ဆန်များကို နိုင်ငံခြားသို့ တင်ပို့ကြသည်။ ဆတ်ရိုးကျချောင်းတွင် စစ်တွေတည်စကပင် ဆန်စပါးရောင်းဝယ်ရေး ဖြစ်ထွန်းခဲ့သည်။ ရခိုင်ပြည်တစ်ခုလုံးတွင် ဆန်စပါးရောင်းဝယ်ရေးရာ၌ အချက်အချာကျသည့်ချောင်းဖြစ်သည်။ မင်းဂံချောင်းဝအောက်နားမှစ၍ ဆတ်ရိုးကျချောင်းအထိ မြစ်ရိုးတစ်လျှောက် နိုင်ငံခြားဆန်တင်သင်္ဘောများသည် ဆန်ဂိုဒေါင်များမှတဆင့် ဆန်စပါးများကို ကုန်တင်ခြင်း ပြုလုပ်လျက်ရှိသည်။

## ရခိုင်ပြည်၏ ပထမဆုံး အငတ်ဘေး

"ဘားဘူဟိယင့် ဆန်ဟိယင့် ဒိုင်းကျီဟိယင့် ရီဟိယင့်" ဟူ၍ ရခိုင်ပြည်၏ ဆန်ရေစပါးပေါများပုံအား စာဖွဲ့မှတ်တမ်းတင်ခဲ့သည်။

ရခိုင်ပြည်တွင် ဆန်ရှား၍ အငတ်ဘေးနှင့် ကြုံတွေ့ခဲ့ရသည်ဟု သမိုင်းတလျှောက်မည်သည့်အခါတွင်မှ မတွေ့ဖူး မကြားခဲ့ရဖူးချေ။ နေဝင်းစစ်အုပ်စုလက်ထက် (၁၉၆၇) ခုနှစ်တွင် ရခိုင်ပြည်သူ၊ ပြည်သားများ ပထမဦးဆုံး သောကြုံတွေ့ခဲ့ရသော အငတ်ဘေးဖြစ်သည်။ ဆန်ရှားပါးမှုကြောင့် ငွေကြေးတတ်နိုင်သူများတောင် ဆန်ကို ဝယ်မရဖြစ်ကြရသည်။ ဆန်ရှားပါးမှုကြောင့် ပြိန်းဥနှင့် ချဉ်ပေါင်ကြိုသောက်ရသည်အထိ ဆန်စပါးရှားပါးခဲ့သည်။ အကျိုးဆက်အဖြစ် ဝမ်းလျောကာ သေသူများသတင်း၊ ရက်၍ အဆိပ်သောက် သတ်သေသူများသတင်းကို ရခိုင်ပြည်အနှံ့ မကြားချင်ဆုံးကြားနေကြရသည်။

စစ်တွေမြို့လမ်းကြို လမ်းကြားများတွင် "ထမင်းကျန်ပေးပါ ဟင်းကျန်ပေးပါ" ဟု တစာစာနှင့် လိုက်လံတောင်းစားနေကြသူများကို နေ့တိုင်းလိုလိုတွေ့မြင်နေရသည်။ ရင်ခွင်ထဲတွင်လည်း နို့စို့အရွယ်ကလေးငယ်များကို ချီပို့ထားကြသည်။ ဤကဲ့သို့မြင်ကွင်းအား ရခိုင်ပြည်တွင် မည်သည့်အချိန်အခါမျှ မတွေ့မြင်ခဲ့ရချေ။ မြင်ရသူအပေါင်း ကြေကွဲဝမ်းနည်းစရာမြင်ကွင်း ဖြစ်သည်။ မိန်းမပျို၊ လူပျိုများသည်ပင် တောင်းရမ်းစားသောက်ရသည့်အဖြစ်ရောက်ကြရသည်။ ဆန်ရှားပါးမှုကြောင့် ကျေးလက်များတွင် ချမ်းသာသောအိမ်များကိုဝင်ပြီး ဆန်လုသည့်အဖြစ်များ ဖြစ်ပွားလျက်ရှိသည်။ ဗမာစစ်အစိုးရသည် ရခိုင်ပြည်သူများ ငတ်ပြတ်နေသော်လည်း အေးအေးဆေးဆေးပင်။ ရခိုင်ပြည်သူလူထုရင်ဆိုင်နေရသည့် အငတ်ဘေးအား ဖြေရှင်းပေးခြင်းမရှိဘဲ ရခိုင်အချင်းချင်း သတ်ဖြတ်ခြင်းကို အသာတကြည် စောင့်ကြည့်လျက်ရှိသည်။ "ယာလည်း ညက်စေ၊ ကြက်လဲ မောစေ" ဆိုသည့်မူကို လက်ကိုင်ပြုထားသော နေဝင်းအစိုးရသည် ဆန်လုပွဲအဖြစ်အပျက်များအား ဥပက္ခာပြုထားခဲ့သည်။

စစ်တွေမြို့တွင် ဆပလိုင်ဟုခေါ်သော သမဝါယမဆိုင်များမှ ကျေး

ရွာရပ်ကွက်တိုင်းတွင် ကဒ်ပြားများဖြင့် ဆန်ဝေ‌ေ ရောင်းချပေးသည်။ လူတစ်ဦး လျှင် ယခင်ကနို့ဆီဗူး (၆၀) ပေးရာမှ ဆန်ရှားပါးသည်ဟုဆိုကာ နို့ဆီဗူး (၄၀) ထိလျှော့ချပြီးရောင်းချပေးခဲ့သည်။ ရခိုင်ပြည်သူများမှာ ပုံမှန်မစားသောက် နိုင်ဘဲ မလောက်မငဖြင့် မဝရေစာ စားသောက်လာကြရသည်။

## မှောင်မိုက်သော နေ့ရက်များ

## ဩဂုတ် (စ်) (၁၁)၊ (၁၉၆၇)

မိုးသည်းထန်စွာ ရွာလိုက်၊ စဲလိုက်ဖြစ်နေသော ဩဂုတ်(စ်) (၁၁) ရက်နေ့တွင် ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ခ၊ လ၊ က) ရုံးရှေ့တွင် လူအများ ဆန္ဒပြတောင်းဆိုနေကြသည်။ တောင်းဆိုသောအကြောင်းအရာမှာ လက်ရှိ သူတို့ရင်ဆိုင်ကြုံတွေ့နေရသော ဆန်ပြဿနာအား ဖြေရှင်းပေးရန်ဖြစ် သည်။ (ခ၊ လ၊ က) ရုံးမှ ဆန်ပြ ဿနာအား ဖြေရှင်းပေးနေသည်ဟု သတင်း များထွက်နေသောကြောင့် လာရောက်စုဝေးကြခြင်းဖြစ်သည်။ သို့သော် ထူးခြား မှုကား မရှိချေ။ မျှော်လင့်ချက်ဖြင့် ရောက်ရှိလာသူများသည် အိမ်မပြန်ဘဲ တစ်ခုခုဖြေရှင်းပေးလေမလားစိတ်ဖြင့် ဆက်လက်စောင့်ဆိုင်းနေကြရာ ညနေ သာ တဖြည်းဖြည်းစောင်းလာခဲ့သည်။ ထိုအချိန်တွင် (ခ၊လ၊က) တာဝန်ရှိသူ များထွက်လာပြီး "အိမ်ပြန်ပါတော့" ဆိုသောကြောင့် သူတို့လာရာလမ်း အတိုင်း အသီးသီးပြန်သွားခဲ့ကြသည်။ အစိုးရအား သိမ့်မွေ့သောနည်းလမ်းများ ဖြင့် သူတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြ ခြင်းဖြစ်သည်။

## ဩဂုတ်(စ်) (၁၂)

ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ခ၊ လ၊ က) ရုံးတွင် ဆန်ပြဿနာနှင့် ပတ်သက်၍ မြို့မိ၊ မြို့ဖများကိုခေါ်ပြီး အစည်းအဝေးတစ်ရပ် ကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေးမှ နေ၍ လူတစ်ယောက်ကို ဆန်နို့ဆီ ဗူး (၁၄) ဗူးစီဖြင့် တစ်လစာဖြန့်ဖြူးရောင်းချပေးမည်ဟု သတင်းများထွက်ပေါ်လာ ခဲ့သည်။ လူတစ်ဦး ဆန် (၁၄) ဗူးအား တစ်လအထိ စားရမည့် အစီအစဉ်ဖြစ် သည်။

လူတစ်ယောက် မနက်တစ်ဗူး၊ ညတစ်ဗူး တစ်လအနည်းဆုံး (၆၀) ဗူးလိုအပ်ပေသည်။ ၎င်းကို ဆန်နို့ ဆီဗူး (၁၄) ဗူးကို လူတစ်ဦးအနေဖြင့် တစ် လစားရမည်ဆိုသည်မှာ မည်သို့နည်းနှင့်မျှ ဖြစ်နိုင်စရာအကြောင်း လုံးဝ မရှိ ချေ။ ထိုအစီအစဉ်အား လက်ခံသည့် လူတစ်ချို့လည်းရှိကြသည်။ ဤသို့ဆိုပါ

က ငတ်၍ သေဖို့သာ ကျန်တော့သည်။ ဆန်လုံးဝမရှိ၍ သေရမည်ဆိုလျှင် ဟုတ်သေးသည်။ ဆန်ဂိုဒေါင်များ၊ နိုင်ငံခြားသင်္ဘောများတွင် ရခိုင်ပြည်မှ ထွက်ရှိသောဆန်များ အပြည့်ရှိနေပါလျက် အဘယ်ကြောင့် ဗမာစစ်အစိုးရ သည် ရခိုင်ပြည်သူများ၏ အငတ်ဘေးပြဿနာကို အဘယ်ကြောင့် ဖြေရှင်း မပေးပါသလဲ။

## ညနေ (၃) နာရီ

ဆင်ကူးလမ်းရပ်ကွက်၊ (ဦးစောဖြူ) ဆန်စက် ဆပ်ရိုးကျချောင်း ခြံဝင်း၏နောက်ဘက် ဆိပ်ကမ်းဖောင်တော်တွင် လူများ ရှုပ်ယှက်ခပ်လျက် ရှိသည်။ **(C B 28)** အမည်ရှိ နိုင်ငံခြားဆန်တင်သင်္ဘောသည်လည်း ဆိပ်ကပ်လျက်ရှိသည်။ လူများသည် သင်္ဘောပေါ်မှ ဆန်များကို တစ်ပိုင်တစ်နိုင်သယ်ချနေကြသည်။ တစ်အိတ်နိုင်သူ တစ်အိတ်၊ တစ်ဝက်နိုင်သူ တစ်ဝက် သယ်ယူနေကြသည်။ တစ်ချို့မှာ သင်္ဘောဝမ်းခေါင်းထဲမှ မနိုင်မနင်းထမ်းလာ၍ ရေထဲသို့ ဆန်အိတ်ရော၊ လူပါ လိမ့်ဆင်းသွားသည်များကိုလည်း တွေ့မြင်နေရပါသည်။ လုံခြုံရေးရဲသားများကလည်း ဆန်ယူနေသူများအား မည်သည့် ဟန့်တားမှုမျှ မပြုလုပ်ဘဲ သည်အတိုင်း ရပ်ကြည့်နေကြပါသည်။ ဆိတ်ကမ်းတစ်ခုလုံးသည် ဆန်ယူနေသူများဖြင့် အုတ်အော်သောင်းနင်းဖြစ်လျက်ရှိပေသည်။ ည(၇) နာရီခန့်တွင် **(C B 28)** မှ ဆန်များကုန်သွားသည်။ လူအများလည်း တစ်ဖြည်းဖြည်းကွယ်ပျောက်သွားခဲ့သည်။ စားစရာ ဆန်မရှိပြီဖြစ်သောကြောင့် နီးရာဆန်ဂိုဒေါင်များ၊ သင်္ဘောများမှ ဆန်များကို ဖောက်ယူနေကြခြင်းဖြစ်သည်။ ည (၉) နာရီခန့်တွင် ကမ်းမှထွက်ခွာသွားသော **(CB)** သင်္ဘောတွင် မိန်းကလေး တစ်ဦးပါသွားကြောင်း၊ သေဆုံးသွားကြောင်း သတင်းထွက်လာသည်။ **(CB)** မှ ယူဆောင်လာသော ဆန်များသည် အဆိပ်ခတ်ကာ အလွန်စား၍ ကောင်းကြောင်း ပြောဆိုနေကြသည်။

ဩဂုတ် (၁၂) ရက်ညနေတွင် အသက်ရှင်ရပ်တည်ရေးအတွက် ဆန်ကို ရသည့်နေရာမှ ဖောက်ယူနေသူများရှိသလို၊ ဆန်ပြဿနာအား အစိုးရမှ ဖြေရှင်းမှ ပြေလည်မည်ဟု ယုံကြည်ကာ ဆန္ဒပြတောင်းဆိုရန် ကြိုးပမ်းနေသူများလည်းရှိသည်။

လမ်းမတော်တောင်ရပ်ကွက် ကျောင်းဆရာမ နေအိမ်တစ်အိမ်တွင် လူငယ် (၃၀) ကျော် ဆန္ဒပြချီတက် ရန်စုဝေးကာ ည (၇) နာရီတွင် နေအိမ်မှ စတင်ထွက်ခွာကြသည်။ **"ဆန်ပြဿနာ ဖြေရှင်းပေး၊ အရေးတော်ပုံ အောင်ရမည်" "ပြုတ်ဆန်မစား ရခိုင်သား၊ ဆန်ကွဲမစား ရခိုင်သား၊ ဆန်အပြည့်အဝ**

**ရောင်းချပေး"** ဟုကြွေးကြော်ကာ လမ်းမကြီးလမ်းအတိုင်း စတင်ချီတက်လာကြသည်။ သူတို့ချီတက်နေသော နောက်ဆုံးနေရာမှာ မြို့နယ်စပါယ်ဥက္ကဋ္ဌ ဦးမောင်ကျော်ဦးအိမ်သို့ဖြစ်သည်။ ဦးမောင်ကျော်ဦးအိမ်သို့ချီတက်နေခြင်းမှာ ဆန်ပြဿနာဖြေရှင်းပေးနေ၍ မဟုတ်။ သူက အာဏာပိုင်များအား လူတစ်ဦးလျှင် တစ်နေ့ဆန်တစ်ဗူး၊ ပြုတ်ဆန်နှင့် ဆန်ကွဲပေးလျှင်ရသည်ဟု တင်ပြခဲ့သောကြောင့်ဖြစ်သည်။ ပြည်သူများသည် သူ့၏တင်ပြချက်များအား ခံပြင်းကာ သူ့ဆီသို့ ချီတက်နေခြင်းဖြစ်သည်။ အိမ်ရှေ့အရောက်တွင် ဆန္ဒပြသူစုစုပေါင်း (၂၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ သူတို့သည် ဦးမောင်ကျော်ဦးနေအိမ်အား အုတ်ခဲများဖြင့် ပစ်ပေါက်ကြသည်။ ထိုကဲ့သို့ ပစ်ပေါက်နေစဉ် လက်နက်အပြည့်နှင့် စစ်သားများလိုက်ပါလာသော စစ်ကား (၂) စီးရောက်ရှိလာပြီး စစ်ကားများနှင့်အတူ ဗိုလ်မှူးစောဖြူလည်း လိုက်ပါလာခဲ့သည်။ အိုးတန်းရပ်ကွက်နှင့် ရူပရွာခွဆုံမှ ဆန္ဒပြလူငယ်များ စစ်ကား (၂) စီးအား ဝိုင်းလိုက်ကြသည်။ ဗိုလ်မှူးစောဖြူသည် လူငယ်ခေါင်းဆောင်များအားခေါ်ကာ ဆန်ပြဿနာကို သူဖြေရှင်းပေးမည်ဟု ကတိပေးပြီး ဆန္ဒပြသူများအား လူစုခွဲပြီး အိမ်ပြန်ရန် ပြောကြားခဲ့သည်။ ဆန္ဒပြသူများလည်း ဆန်ပြဿနာဖြေရှင်းပေးမည်ဆိုသော ကတိအား ယုံကြည်ကာ အသီးသီးပြန်သွားခဲ့ကြသည်။ အချိန်ကား ညဥ့် (၁၀) နာရီခန့်ရှိနေပြီ။

## သွေးစွန်းသော ဩဂုတ်(စ်) (၁၃)

ဩဂုတ်(စ်) (၁၃) ရက်နေ့တွင် စစ်တွေတစ်မြို့လုံးမှာ လှုပ်လှုပ်ရွရွဖြစ်လျက်ရှိပြီး ယမန်နေ့များထက် ပိုမိုထူးခြားလျက်ရှိသည်။ သည်နေ့တွင် စစ်တွေမြို့၌ မည်သို့ မည်ပုံဖြစ်လာမည်ဆိုသည်ကို မည်သူတစ်ဦး တစ်ယောက်ကမျှ မခန့်မှန်းနိုင်ချေ။ ပြည်သူလူထုတစ်ရပ်လုံး၏မကျေနပ်သံများ၊ တောက်ခေါက်သံများ၊ ငိုညည်းသံများက နေရာအနှံ့ကြားနေရသည်။ သူတို့မျက်နှာများတွင် မသာမယာဖြင့် တစ်စုံတစ်ခုကို စိုးရိမ်ကြောင့်ကြနေဟန်ရှိသည်။

ဘုရားကြီးရင်ပြင်တွင် စစ်တွေတစ်မြို့လုံး ဆန္ဒပြချီတက်ပွဲပြုလုပ်ရန် လျှို့ဝှက်ကြံစည်ထားကြသော ကျောင်းသား (၁၂) ယောက်ခန့်ရောက်ရှိလာသည်။ ထိုအထဲမှ ကျောင်းသားတစ်ဦးက သူအင်္ကျီအတွင်းမှ ပိတ်ဖျင်စတစ်ခုကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ဝါးလုံးနှစ်လုံးတွင် အသေအချာ ချည်နှောင်လိုက်သည်။ ထိုပိတ်ဖျင်စတွင် ရေးထားသောအရာကား **"ဆန်ပြဿနာဖြေရှင်းပါ . . . . . ရခိုင်အရေးတော်ပုံအောင်ရမည်"** ဟု ရေးသားထားသည်။ ကျောင်းသားနှစ်ဦးသည် ပိတ်ဖျင်စအား ဝါးလုံးနှစ်လုံးတွင် ချည်နှောင်လိုက်ပြီး

## (၁၃) ညဂတ် (စ်) မမေ့အပ်

ဝင်္ကပါကွင်းရှိ ပိတောက်ပင်ကြားတွင် ထောင်ထားလိုက်သည်။ ဆန္ဒပြပွဲအတွက် လူစုနေခြင်းဖြစ်သည်။ ထိုအချိန်တွင် လမ်းမတော်တောင်မှ အသုဘပို့ဆောင်လာကြရာ လိုက်ပါလာသူများသည် ထိုပိတ်စအားမြင်ရာ သုသာန်သို့ မသွားရောက်ဘဲ စုဝေးနေရာတွင် ဆင်းကျန်ခဲ့ကြသည်။ အသုဘပို့ဆောင်သော ကားတန်းတွင် လူမပါသလောက်ဖြစ်သွားသည်။ ဤသို့ဖြင့် တဖြည်းဖြည်းစုဝေးလာကြရာ စတင်ဆန္ဒပြနိုင်သည့်လူအင်အားရှိလာသည်။ **"ဆန်ပြဿနာ ဖြေရှင်းပါ ..... ရခိုင်အရေးတော်ပုံ အောင်ရမည်"** ဟုရေးထားသော ပိတ်ဖျင်သည် ဆန္ဒပြပွဲ၏ တစ်ခုတည်းသော ဆိုင်းဘုတ်ကြီးလည်းဖြစ်သည်။ ထိုပိတ်စအား အဝေးမှပင် ထင်ရှားစွာမြင်နေရသည်။ နေ့လည် (၁) နာရီခန့်တွင် စတင်ချီတက်ထွက်ခွာရန် ပြင်ဆင်ခြင်း အဖြစ် ဆန္ဒပြပွဲအား ဦးဆောင်သူတစ်ဦးသည်

| | |
|---|---|
| **"နှာခေါင်းပိုင်း နေဝင်းအစိုးရ** | **အလိုမရှိ။"** |
| **"မဆလအစိုးရ အစိုးရ** | **အလိုမရှိ။"** |
| **"ဆန်ပြဿနာ** | **ဖြေရှင်းပါ။"** |
| **"ရခိုင့်အရေးတော်ပုံ** | **အောင်ရမည်။"** |

ကြွေးကြော်သံအား စတင် တိုင်ပေးလိုက်သည်။

ဆန္ဒပြသူများသည် ဘုရားကြီးရှေ့ဝင်္ကဘာကွင်းမှ စတင်ထွက်ခွာလာရာ ဒေးဝန်းရွာလမ်း၊ ဟသ်ာကန်ရှေ့၊ ဘောက်သီးစုလမ်း ထိုမှတဆင့် မင်းဘာကြီးလမ်း၊ ဘုတ်ဆိတ်၊ စက်ရုံလမ်းအတိုင်း ချီတက်လာခဲ့ကြသည်။ လမ်းတလျှောက် လိုက်ပါလာခဲ့သူများကြောင့် ဆန္ဒပြသူအင်အားသည် တဖြည်းဖြည်းတိုးပွားလာခဲ့သည်။ ထိုကဲ့သို့ ချီတက်လာခဲ့ကြရာ လမ်းမတော်တောင်ရပ်ကွက်ရှိ ဦးစံထွန်း (ခေါ်) ဦးလူဖြူ အိမ်ရှေ့အရောက်တွင် ဗိုလ်မှူးစောဖြူ ရောက်ရှိလာပြီး ဆက်လက်ချီတက်ဆန္ဒမပြရန် ဟန့်တားသည်။ ဆန္ဒပြသူများကလည်း "ဆန်ကိုရောင်းချပေးပါ။ ရောင်းပေးရင် အခုပဲ လူစုခွဲမယ်" ဟု တောင်းဆိုကြသည်။ သို့သော် ဦးစောဖြူမှာ တစ်စုံတရာ ပြန်လည်ဖြေကြားခြင်းမရှိဘဲ လာရာလမ်းတိုင်း ပြန်လည် နောက်ဆုတ်သွားခဲ့သည်။ ဆန္ဒပြသူများကလည်း ရှေ့ဆက်ပြီး ကြွေးကြော်သံများ အော်ဟစ်ကာ ဆက်လက်ချီတက်ကြသည်။ လမ်းတစ်လျှောက် လက်ခုတ်များတီးကာ ထောက်ခံအားပေးနေကြသော မြို့သူ၊ မြို့သားများကို တွေ့ကြရသည်။ မြို့မအမှတ် (၁) ရဲစခန်းတွင် ရဲများ ပတ်ပတ်လည် လုံခြုံရေးယူထားကြသည်။ သို့သော် ဆန္ဒပြနေသူများအား အနှောင့်အယှက် လုံးဝ

မပေးဘဲ သည်အတိုင်း ရပ်ကြည့်နေကြခြင်းဖြစ်သည်။

လမ်းမကြီးအတိုင်းချီတက်လာကြရာ စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသည်။ ထိုမှ တြိဂံခွဆုံ ပြည်တော်သာမူလတန်းကျောင်းရှေ့မှ ဖြတ်ကာ စစ်တွေအကျဉ်းထောင်ဖူးဝတည့်တည့်လမ်းအတိုင်းချီတက်လာခဲ့ကြသည်။ လမ်းတလျှောက်အားပေးနေသူများသည် ဆန္ဒပြသူများအား သောက်ရေများ တိုက်ကျွေးကာ ဆန္ဒပြပွဲအား ထောက်ခံအားပေးကြသည်။ ပြည်သူတစ်ရပ်လုံး ၏ လိုလားချက်ကို တောင်းဆိုသောဆန္ဒပြပွဲဖြစ်သောကြောင့် တစ်မြို့လုံးအား ပေးကြသည်။ ထို့နောက် အနောက်စံပြ (၇) ဌါနလမ်းအတိုင်း ထောင်အနောက်ဘက် ဗိုလ်ကြီးဖိုးသာရွာလမ်းအတိုင်း ဘုမလက်ဖက်ရည်ဆိုင် (ယခု လောကနန္ဒာခွဆုံ)၊ ဘောလုံးကွင်းလမ်းအတိုင်းလေယဉ်ကွင်းမှ ချီတက်လာရာ မီးစက်ကြီးခွဆုံ နာဇီရွာ (လက်ရှိစက်ရုံစု) ကုန်တန်းလမ်းသို့ ရောက်ရှိလာခဲ့သည်။ နာဇီရွာမှ မွတ်ဆလင်များလည်း ဆန္ဒပြချီတက်ရာတွင် ပါဝင်လာကြသည်။ ဆန္ဒပြချီတက်ပွဲသည် လူလိုင်းများ လိမ့်ဆင်းလာသည့်အလား မျက်စိတစ်ဆုံး လှမ်းမြင်နေရပြီး လူအင်အားသည် သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ လူတိုင်း အသက်ဆက်လက်ရှင်သန်ရေးအတွက် ဆန်ရရှိရေးသည် အဓိကဖြစ်သောကြောင့် ယခုကဲ့သို့ပြည်သူအမြောက်အမြား ပါဝင်ခဲ့ကြခြင်းဖြစ်သည်။ ကွေ့ကြော်သံကား ပြောင်းလဲခြင်းမရှိချေ။

ထိုကဲ့သို့ချီတက်လာကြရာ မကြာမီ စက်ရုံစုလမ်းနှင့် ကသဲရွာလမ်းထိပ်တွင် "မြ" ဆန်စက်ရှေ့သို့ ရောက်ရှိလာခဲ့သည်။ ဆန္ဒပြချီတက်လာသူများသည် ထိုနေရာအရောက်တွင် ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်တန့်သွားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆန်စက်ရှေ့၌ သံဆူးကြိုးများဖြင့် ကာဆီးထားသောကြောင့်ဖြစ်သည်။ ထို့အပြင် ဆန်စက်လက်ယာဘက်တွင် **(TE)** ဟီးနိုးကားကြီး (၆) စီး ရပ်လျက်ရှိပြီး မြဆန်စက်ခြံဝင်းနှင့် လမ်းဘယ်ညာတွင် စစ်သားများသည် ရပ်၍ နေရာယူထားကြသည်။ စစ်သားများလက်ထဲတွင် **(G-3)** မောင်းပြန်သေနတ်များ အသင့်ကိုင်ဆောင်ထားကြသည်။ မြဆန်စက်အနီး ဟူမေရာဆန်စက်ခြံဝင်းတစ်ခုလုံးတွင်လည်း သေနတ်မောင်းတင်ထားပြီး လုံခြုံမှုခလုတ်ကို ပိတ်ထားကာ သတိကြီးစွာ ရပ်စောင့်နေသူစစ်သားများကိုလည်း တွေ့မြင်နေရသည်။ သို့သော် ဆန္ဒပြသူများကား ကြောက်ရွံ့တုန်လှုပ် နောက်ဆုတ်ခြင်းကား လုံးဝမရှိချေ။ သို့သော် ဆန္ဒပြသူများအား ရှေ့ဆက်တိုး၍ မရအောင် ကာဆီးထားသောအရာကား သံဆူးကြိုးများပင်ဖြစ်သည်။ သံဆူးကြိုး၏တစ်ဘက်တွင် လက်နက်အသင့်ကိုင်ဆောင်ထားသော စစ်သားများရှိနေပြီး

## (၁၃) ဩဂုတ် (စ်) မမေ့အပ်

အခြားတစ်ဖက်တွင် လက်နက်မဲ့ပြည်သူများ၊ ထမင်းငတ်၍ သေရမည့်ပြည်သူများ။ တစ်နည်းအားဖြင့်ဆိုသော် ဗမာစစ်အာဏာရှင်နေဝင်းအလိုကျ အမိန့်နာခံနေရသော ပြည်သူ့သားသမီး စစ်သားများနှင့် ငတ်၍ သေရမည့်အစားတိုက်ပွဲဝင်၍ သေမည်ဟု ဆုံးဖြတ်ထားသော ပြည်သူများ။ မည်သူက အနိုင်ရရှိမည်နည်းဆိုသည်ကို မည်သူမျှမပြောနိုင်။ အာဏာရှင်နှင့် ပြည်သူ ထိပ်တိုက်တွေ့မှု နောက်ဆုံး အဆင့်သို့ ရောက်ရှိနေပေပြီ။

ထိုအချိန်တွင် ဗိုလ်မှူးစောဖြူသည် နောက်ထပ်တစ်ဖန်ရောက်ရှိလာပြီး ဆန္ဒပြလူအုပ်ထဲမှတစ်ဦး ထွက်လာပါဟု ခေါ်ယူလိုက်သည်။ ရှေ့ဆုံးတန်းမှ တစ်ဦးထွက်သွားပြီး ဗိုလ်ချုပ်စောဖြူဆီသို့ သွားခဲ့သည်။ ဗိုလ်မှူးစောဖြူသည် ထိုသူအား စာရွက်တစ်ရွက် ပေးအပ်လိုက်သည်။ ထိုသူသည် ဗိုလ်မှူးစောဖြူပေးလိုက်သော စာအားယူလာကာ တံထားအုတ်ခုံထက်မှ ရပ်၍ ဖတ်ရန်ပြင်လိုက်သည်။ ထိုအခိုက်အတန့်တွင် ရှေ့ဆုံးတန်းမှ ရောက်နေသူများထဲမှ တစ်ဦးက ထိုစာသည် အမိန့်စာဖြစ်ကြောင်း၊ မဖတ်ရန် ပြောသော်လည်း နောက်ကျခဲ့ပေပြီ။ စာရွက်ဖတ်ပြနေသူသည် စကားအအဖြင့် "(၁၉၆၇) ဩဂုတ်(စ်)(၁၃) ရက်၊ ဤနေ့မှစ၍ ပုဒ်‌ ပုဒ် ပုဒ်မ တစ် တစ် တစ်ရာ့ လေး လေး ဆယ့်လေးကို ထုတ်ပြန်လိုက်သည် . . . ." ဟု ဖတ်ပြလိုက်သည်။ ပုဒ်မ (၁၄၄) ဆိုသည်မှာ ညမထွက်ရ၊ လူ (၅) ဦးထက်ပိုမစုရ အမိန့်ဖြစ်သည်။ ထိုအမိန့်စာအား ဖတ်ပြနေစဉ်မှာပင် ဆန္ဒပြလူအုပ်သည် ရှေ့သို့တဖြည်းဖြည်း ပိ၍ ဖိ၍ သိပ်သည်းလာနေသည်။ ထိုအခါ ဗိုလ်မှူးစောဖြူက "ရဲဘော်တို့ ရဲဘော်တို့တောင်းဆိုသော ဆန်ဖိုး (၆၀) ကို ပေးမယ်၊ ဟိုလမ်းမှ အေးအေး ဆန္ဒပြသွားကြပါ။ ဤလမ်းကို မကျော်ပါနှင့်" ဟု ပြောနေစဉ် လူအုပ်က ရှေ့သို့ တရွေ့ရွေ့တိုးဖို့လာပြီး ငပိ သိပ် ငချဉ်သိပ် သလို သိပ်သည်းလာခဲ့သည်။ စစ်သားများက ကာဆီးထားသောသံဆူးကြိုးများကို ဘယ်ညာတစ်ခုစီခွဲ၍ ဖယ်ရှားလိုက်ကြသည်။ "ပုဒ်မ (၁၄၄) ကိုရုတ်သိမ်းလိုက်ပြီ" ဆိုသော အမိန့်ကိုလည်း မကြားလိုက်ရ။ သံဆူးကြိုးများကို ဖယ်ရှားလိုက်သောကြောင့် အကန့်အသတ်မရှိ စည်းလွတ်ကမ်းလွတ်ဖြစ်သွားပြီး လူအုပ်သည် ပြေးတက်သွားသလိုဖြစ်သွားခဲ့သည်။ ထိုအချိန်တွင် စစ်တပ်မှ စည်း (၃) တန် သတ်မှတ်ထားသော နေရာအမှတ်အသားကို မရောက်ခင်မှာပင် သေနတ်သံသည် မိုးယံသို့ လျှံထွက်သွားခဲ့သည်။ ထို့နောက် အဆက်မပြတ် ထွက်ပေါ် လာသော သေနတ် သံ။ ဆန္ဒပြသူများထဲတွင် ကျည်ထိမှန်၍ လဲကျသူ လဲကျ ကစဉ့်ကလျား ထွက်ပြေးသူပြေးဖြင့် အခြေအနေတစ်ရပ်လုံးသည် ရုတ်ချင်းပြောင်းလဲသွားခဲ့သည်။

အူအပွတ်လိုက်ထွက်နေသည်ကို လက်နှင့်ဖုံးအုပ်ကာ ဝေဒနာခံစားနေရသူများ၊ မျက်လုံးမိတ်တုတ်မိတ်တုတ်ဖြင့် ပက်လက်လန်နေသူများ၊ မြေကြီးပေါ်တွင် ဝပ်နေရာမှ ကုန်းရုန်း ပြေးသူများကို တွေ့ရသည်။

ထွက်ပြေးသူများသည် ဆန်စက်အနီးမှ စီးဆင်းလျက်ရှိသော ဆတ်ရိုးကျချောင်းကိုဖြတ်၍ ကမ်းတစ်ဖက်သို့ ထွက်ပြေးရန် ရေထဲသို့ ခုန်ဆင်းကြသည်။ ထိုသို့လွတ်မြောက်ရန်အတွက် ထွက်ပြေးနေသူများကိုပင် စစ်သားများသည် အလွတ်လုံးဝမပေးချေ။ တံထားအနီးအုတ်ခုံပေါ်မှနေ၍ ချောင်းရေတွင် ကူးခတ်နေသူများအား စိတ်ရှိလက်ရှိ ပစ်ခတ်နေကြသည်။ လူများအား တိရစ္ဆာန်များသဖွယ် ပစ်သတ်နေကြသည်။ ဆတ်ရိုးကျချောင်းရေသည် သွေးများရဲရဲဖြင့် သွေးချောင်းဖြစ်သွားခဲ့ရသည်။

## ဗုဒ္ဓဘာသာဝင်တို့၏ ဥပုပ်နေ့

(၁၉၆၇) ဩဂုတ်(စ်)(၁၃)ရက်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဥပုပ်နေ့လည်းဖြစ်သည်။ သက်ကြီးရွယ်အိုများသည် ဆန်ရှားပါးမှု၏ဒုက္ခများကို ပြေပျောက်စေရန်၊ သံသရာဝဋ်ဆင်းရဲမှ ကင်းဝေးစေရန် ဗုဒ္ဓ၏တရားတော်အား နာကြားရန်အတွက် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတွင် ရောက်ရှိနေကြသည်။ အဘိုးအို၊အဘွားအိုများသည် ဥပုပ်ဆောက်တည်ကာ တရားတော်အားနာကြား၍ မပြီးဆုံးမှီ ကြားလိုက်ရသည့် သေနတ်သံကြောင့် ရုတ်တရက် လန့်ဖြန့်သွားကြသည်။ အန္တရာယ်တစ်ခုခု ကျရောက်နေပြီဟုသိရှိကာ စိုးရိမ်စိတ်ဖြင့် အခင်းဖြစ်ပွားရာနေရာသို့ ပြေးလာခဲ့ကြသည်။ မိမိသား၊ သမီးများ အသတ်ခံနေရသလား၊ ဒုက္ခရောက်နေသလား ဆိုသည့် စိုးရိမ်စိတ်ဖြင့် ပြေးသွားကြခြင်းဖြစ်သည်။ ရောက်ရှိသွားချိန်တွင်ကား လူအများ အစုလိုက်အပြုံလိုက် သေဆုံးနေပေပြီ။ မသေဆုံးသူများ၏ ညည်းညူသံများလည်း ကြားနေကြသည်။ သို့သော် ရှေ့မတိုးရဲကြချေ။ ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် မင်သက်သက်ဖြစ်သွားသူများ၊ သတိလစ်သွားသူများ၊ ငိုကြွေးနေသူများ။ မည်သည့်အခါမှ မမြင်ဖူးသောမြင်ကွင်း။ ဤစုလိုက်အပြုံလိုက် ပစ်သတ်ခံရသည့် မြင်းကွင်း။

ဩဂုတ်(စ်) (၁၃) အဖြစ်အပျက်သည် အခြားမြို့နယ်များသို့ ချက်ချင်းပျံ့နှံ့ခြင်းမရှိချေ။ တစ်မြို့နှင့် တစ်မြို့ ဆက်သွယ်ရန် ဖုံးလိုင်းလည်းမရှိ၊လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ခြင်းမရှိသောကြောင့် စစ်တွေမြို့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသတင်းသည် ချက်ချင်းမပျံ့နှံ့နိုင်ခဲ့ချေ။ သို့သော် ဩဂုတ်(စ်) (၁၄) ရက်နေ့တွင် အခြားမြို့များသို့ စတင်ပျံ့နှံ့သွားခဲ့သည်။ အာဏာ

ပိုင်များက စစ်တွေဆန်ပြသနာကြောင့် လူ (၂၄) ဦးသာသေဆုံးခဲ့သည်ဟု ပြောကြားခဲ့ပြီး စစ်တွေဆန်ပြသနာသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏လှုံ့ဆော်သွေးထိုးမှုကြောင့်ဖြစ်ရကြောင်း ပြောကြားခဲ့သည်။ စစ်တွေဆန်ပြသနာနှင့်ပတ်သက်၍ ပီကင်းအသံလွှင့်တစ်ခုသာ ထုတ်လွှင့်ခဲ့သည်။ ဗမာစစ်အစိုးရမှ လူ (၂၄) ဦးသေဆုံးခဲ့သည်ဟု ပြောကြားခဲ့သော်လည်း ရခိုင်ပြည်သူတစ်ရပ်လုံးက လူပေါင်း (၃၀၀) ကျော်သေဆုံးခဲ့သည်ဟု လက်ခံယုံကြည်ကြသည်။ စစ်တွေဆန်ပြသနာဖြစ်ပွားသည့် ဩဂုတ်(စ်) (၁၃) ရက်နေ့တွင် အိမ်က ထွက်သွားပြီး မည်သည့်အခါမှ လုံးဝရှာမတွေ့သော ပြည်သူအမြောက်အမြားရှိခဲ့သည်။ ထိုသူများသည် အဘယ်အရပ်သို့ ထွက်သွားပါသနည်း။

## အရှင်လတ်လတ် ငရဲပြည်ပို့ခြင်း

ပစ်သတ်မှုကြောင့် ပွဲချင်းပြီး သေဆုံးသူများရှိသလို အရှင်လတ်လတ် မြေမြှုပ်ခံရသူများလည်း ရှိပေသည်။ အခင်းဖြစ်ပွားရာနေရာတွင် ပွဲချင်းပြီးသေဆုံးသူများ၊ မသေဘဲ ဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊ ခြေထောက်၊ လက်တို့တွင် ကျည်ထိမှန်၍ မပြေးနိုင်သူများသည် စုပြုံကျန်ခဲ့သည်။ ထိုသူများအား စစ်တပ်မှ ကားများဖြင့် သိမ်းကျုံးတင်ဆောင်ကာ တစ်နေရာတည်းတွင် ကျင်းတူး၍ မြေမြှုပ်သင်္ဂြိုလ်ခဲ့ကြသည်။

ဗမာစစ်အစိုးရသည် ဆန္ဒပြသူများအား ပစ်သတ်ခြင်း၊ အရှင်လတ်လတ် မြေမြှုပ်နှံခြင်းဖြင့် မာန်မပြေနိုင်ဘဲ အသက်ရှင်ကျန်ရစ်ခဲ့သူများအား လိုက်လံဖမ်းဆီးခဲ့သည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူများလည်း အဖမ်းမခံဘဲ လွတ်မြောက်အောင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဖမ်းဆီးခံရသူများမှာ စစ်တွေမြို့ လမ်းသစ်ရပ်ကွက်မှ ဦးလုံးမောင်နှင့် ဘောက်သီးစုရပ်ကွက်မှ ဦးစံသာကျော်တို့ဖြစ်သည်။ ဗမာစစ်အစိုးရသည်ရခိုင်အမျိုးသားများ၏တော်လှန်လိုစိတ်အား အမြစ်ပြတ်ချေမှုန်းရန် သူတို့နှစ်ဦးအား နမူနာအနေဖြင့် ရက်ရက်စက်စက်နှိပ်စက်ခဲ့သည်။ သူတို့နှစ်ဦးအား ဖမ်းဆီးကာ အကျဉ်းထောင်တွင် အရူးဆေးထိုးပြီး ပြန်လည်လွတ်ပေးခဲ့သည်။ သူတို့နှစ်ဦးရူးသွပ်နေပုံအား ရခိုင်အမျိုးသားများတွေ့မြင်ကာ ဗမာစစ်အစိုးရအား မတော်လှန်ရဲအောင်၊ တော်လှန်၊ အန်တုလျှင် သူတို့လို ဖြစ်မည်ဆိုပြီး ရက်ရက်စက်စက်လုပ်ပြခဲ့သည်။ စစ်အာဏာရှင်၏သရုပ်အား ပီပြင်စွာဖွင့်ဟပြသခဲ့ခြင်းဖြစ်သည်။

## သတ်ဖြတ်မှုနောက်ပိုင်း

စစ်တွေမြို့တစ်မြို့လုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဤကဲ့သို့တိတ်ဆိတ်မှုများက မြို့သူ၊ မြို့သားများအား ခြောက်ခြားစရာ၊ ဒေါသထွက်စရာ၊ မကျေနပ်စရာများအဖြစ် ဒွေးရောယှက်တင်ဖြစ်လျက်ရှိသည်။ ဆန္ဒပြရာတွင်ပါဝင်ခဲ့သူများသည် ညအိပ်ချိန်တွင် ပစ်ခတ်သံများ၊ ငိုကြွေးသံများ နားထဲကြားနေကြောင်း ပြောပြကြသည်။ ကြောက်အားလှန့်အားဖြင့် အိပ်မပျော်နိုင်ဘဲ လှန့်နိုးသူများလည်းရှိခဲ့သည်။ တစ်ချို့မှာလည်း ထိုအဖြစ်အပျက်ကြောင့် တစ်ယောက်တည်း ဂယောင်ချောက်ခြား စကားပြောနေသူများလည်းရှိသည်။ မြို့ပေါ်နေရခိုင် အမျိုးသားများမှာလည်း စစ်တွေမြို့တွင် မနေရဲကြတော့ဘဲ ကျေးလက်များဆီသို့ ထွက်ပြေးကြရသည်။

ဩဂုတ်(စ်) (၁၃) ရက်နေ့ အစုလိုက်အပြုံလိုက်လူသတ်ပွဲကြောင့် ကြောက်လှန့်နေသူများရှိသလို အာဏာရှင်အစိုးရအား တော်လှန်၊ ဖြုတ်ချရန် လျှို့ဝှက်တစ်မျိုး ဖြောင်ကျကျတစ်ဖုံ ကြိုးပမ်းနေသော ရခိုင်မျိုးချစ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ဗမာစစ်အစိုးရကလည်း ရခိုင်ပြည်သူများ ငြိမ်ဝပ်ပိပြားနေအောင် လက်ကိုင်တုတ်များဖြစ်သည့် စစ်သားများနှင့် ရဲများအား စစ်တွေမြို့တွင် နေ့ရောညပါ ပိုက်စိပ်တိုက်ချထားလျက်ရှိသည်။ ရခိုင်မျိုးချစ်များကလည်း "ရန်သူ့လက်နက် တို့လက်နက်" မူအား နှလုံးမူကာ ညအချိန်တွင် စစ်သား၊ ရဲသားများထံမှ သေနတ်လုရန် ကြံစည်ကြသည်။ သေနတ်လု၍ အောင်မြင်ခဲ့သည်များလည်းရှိသလို အဖမ်းခံရသည်များလည်းရှိခဲ့သည်။ သေနတ်များအားရွှေစေတီဘုန်းကြီးကျောင်းအနီးတဝိုက်တွင် လုယူခဲ့ကြသည်။ အရေအတွက်များများ မလုယူနိုင်ခဲ့သော်လည်း ဩဂုတ်(စ်) (၁၃) နောက်ပိုင်းတွင် ဗမာစစ်အစိုးရအား ရခိုင်ပြည်တွင် တော်လှန်ပုန်ကန်ရန် အင်အားများ တိုးပွားစေခဲ့သည်။ စစ်အစိုးရကလည်း တော်လှန်ရေးအင်အားစုများ မပေါက်ဖွားလာစေရန် နည်းမျိုးစုံသုံး ဖမ်းဆီးထောင်ချခဲ့သည်။ မြေအောက်တွင် လှုပ်ရှားနေသော ရခိုင်ကျောင်းသား၊ လူငယ်များလည်း မြို့ပေါ်တွင် ဆက်လက်ရပ်တည်တိုက်ပွဲဝင်ရန် ခက်ခဲလာသောကြောင့် တောခိုခဲ့ကြသည်။

## ဩဂုတ်(စ်) (၁၃) အား ပြန်လည်ခြေရာကောက်ခြင်း

ဩဂုတ်(စ်) (၁၃) အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအား မကျေနပ်၊ ခံပြင်းကာပြန်လည်စုံစမ်းသည်များ၊ ပြန်လည်ပြောပြသည်များလည်းရှိပေသည်။ ထိုကဲ့သို့ပြောပြချက်များ၊ စုံစမ်းချက်များကြောင့် စစ်တွေဆန္ဒပြသနာသည် ဗမာစစ်အာဏာရှင်များ ရည်ရွယ်ချက်ရှိရှိကျူးလွန်ခဲ့ကြောင်း ပေါ်လွင်ထင်ရှား

## (၁၃) ဩဂုတ် (စ်) မမေ့အပ်

လာခဲ့သည်။ ဩဂုတ်(စ်) (၁၃) မရောက်မီ ဩဂုတ်(စ်) (၁၀၊ ၁၁၊ ၁၂) နေ့များတွင် အာဏာပိုင်များသည် စစ်တွေဆေးရုံအုပ်ကြီးအား ကုတင်များအား ရှင်းလင်းထားရန်၊ ဖျာ၊ ကြမ်းနှင့် ခေါင်းအုံးများအား လူ (၃၀၀) ခန့်အတွက် ပြင်ဆင်ထားရန် အမိန့်ပေးထားကြောင်း သိရှိရသည်။

ခလရ (၂၀) တပ်တွင် ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသော ပါဒလိပ်ချိပ်ရွာမှ ဒေါ်မစောသိန်း (ရဲအုပ်ဦးဒိုးလှအောင်၏ သမီးကြီး) ကလည်း သူမအသိများအား ပြောပြသည်မှာ ခလရ (၂၀) တပ်တွင် စစ်သားများသည် ဩဂုတ်(စ်) (၁၃) မတိုင်မီ ဆန္ဒပြသရုပ်ဖော်ပြီး ပစ်သတ်ပုံ၊ တပ်မတော်သားများအား သတိရှိကြရန် လေ့ကျင့် မိန့်ကြားနေသည်ကို တွေ့မြင်ခဲ့ရကြောင်း ပြောပြခဲ့သည်။

ခလရ (၂၀) တွင် အမှုထမ်းလျက်ရှိသော စာရေးကြီးဦးဘသန်းသည် ဩဂုတ်(စ်) (၁၃) ရက်မတိုင်မီ ဒုလဘရဟန်းဘဝဖြင့် မင်းပြားမြို့နယ် ပန်းမြောင်းသို့ရောက်ရှိလာစဉ် ဆွေမျိုးများအား မကြာမီကြီးကျယ်သော ဆန္ဒပြသနာဖြစ်မည်၊ စစ်တပ်တွင် စစ်သားများအထူးလေ့ကျင့်နေပုံ၊ အလောင်းကောက်ပုံ၊ ပစ်သတ်ပုံ၊ စစ်သားများကို ဆန္ဒပြပုံစံများလုပ်၍ လေ့ကျင့်ပေးနေကြောင်းအား ဆွေမျိုးများအား ပြောပြခဲ့သည်ကို **(NUPA)** မှ ဦးထွန်းရဲကလည်း ပြန်လည်အမှတ်ရနေကြောင်း ပြောပြသည်။

ဩဂုတ်(စ်) (၁၃) ရက်နေ့ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့်ပတ်သက်၍ ကိုယ်တွေ့မျက်မြင် တွေ့ရှိခဲ့ရသူများ ပြောပြချက်များ၊ ထိုအချိန်က သက်ဆိုင်ရာဌာနများတွင် ဝင်ရောက်အမှုထမ်းခဲ့သော ဝန်ထမ်းများ၏ပြောကြားချက်များအရ ထိုအဖြစ်အပျက်သည် စနစ်တကျစီမံခဲ့သောလုပ်ကြံသတ်ဖြတ်မှုကြီးတစ်ခုဖြစ်ပေသည်။ ဆန်ရှားပါးမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပွားသည်ဆိုသော်လည်း ဗမာပြည်သူများအများဆုံးနေထိုင်ရာ ရန်ကုန်မြို့တွင် ဆန်ရှားပါးမှု၊ ငတ်မွတ်မှုကား မကြုံခဲ့ရချေ။ ရန်ကုန်မြို့သည် စစ်တွေမြို့ထက် လူဦးရေလည်းများပြီး ဆန်စပါးလည်း ရခိုင်ပြည်ကဲ့သို့ စိုက်ပျိုးခြင်းမရှိချေ။ သို့သော် တတိုင်းပြည်လုံးဆန်ရှားပါးမှုဖြစ်သောအခါ ရခိုင်ပြည်သူ၊ ပြည်သားများသည် ငတ်၍လည်းသေ၊ ပစ်သတ်ခံ၍လည်းသေ၊ သေခြင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ရသည်။ နေဝင်းအစိုးရသည် ရခိုင်ပြည်သူများအား သတ်ဖြတ်ခြင်းဖြင့် အခြားတိုင်းရင်းသားများအား နမူနာအဖြစ် ပြသခြိမ်းခြောက်ခဲ့သည်။

ဩဂုတ်(စ်) (၁၃) အစုအလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် ရခိုင်တစ်မျိုးသားလုံးသည် ဗမာလူမျိုးများအား မုန်းတီးစိတ်၊ ဗမာစစ်အာဏာရှင်အစိုးရအားမုန်းတီးစိတ်များဖြစ်ပေါ်ခဲ့သည်။ ငါတို့သည် ရခိုင်လူမျိုး၊ ကျွန်လူမျိုး

ဖြစ်သောကြောင့် ဗမာလူမျိုးများ၏ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံရခြင်း ဖြစ်သည်။ ငါတို့ရခိုင်ပြည် ကျွန်ဘဝကျရောက်သည့် (၁၇၈၄) တွင်လည်း ဗမာလူမျိုးများသည် အစုံလိုက်အပြုံလိုက် ရက်ရက်စက်စက်သတ်သတ်ဖြတ်ခဲ့သည်။ ယခုလည်း သတ်ဖြတ်နေကြသည်။ အကြောင်းအရင်းဇာစ်မြစ်သည် ရခိုင်လူမျိုးများတွင် အချုပ်အခြာအာဏာမရှိ၊ ကိုယ့်ကံကြမ္မာ ကိုယ် မဖန်တီးနိုင်သောကြောင့်ဖြစ်သည်။ ထိုကြောင့် ရခိုင်လူမျိုးများလွတ်မြောက်ရေးအတွက် ဗမာလူမျိုးကြီးဝါဒီများနှင့် ဗမာစစ်ဝါဒီများအား တိုက်ထုတ်ရန် လိုအပ်သည်။ ဗမာလူမျိုးများသည် ရခိုင်ပြည်အားသိမ်းပိုက်ခဲ့သည်၊ ရခိုင်ပြည်သူများအား သတ်ဖြတ်ခဲ့သည်၊ နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်တို့တိုက်ထုတ်ပြီး လွတ်လပ်ရေးရသည့်အချိန်တွင်လည်း ရခိုင်လူမျိုးများအား ကျွန်ဇာတ်သွင်းခဲ့သည်၊ ပြည်နယ်အဆင့်တောင် ရခိုင်လူမျိုးများ မရရှိခဲ့။ ယခုတစ်ဖန် စစ်အာဏာရှင်လက်အောက်တွင် ရခိုင်လူမျိုးများအား ရက်ရက်စက်စက် သတ်ဖြတ်၊ နှိပ်စက်လျက်ရှိသည်ဟု ရခိုင်လူမျိုးများ မှတ်ယူလာခဲ့ကြသည်။ ထိုကဲ့သို့ ဗမာလူမျိုးကြီးဝါဒီများ၊ ဗမာစစ်အာဏာရှင်များ၏ လိမ်လည် ရက်စက် ကလိမ်ကျမှုများကြောင့် ရခိုင်လူမျိုးများစိတ်တွင် "ဗမာလူမျိုးများအား မယုံနှင့်" ဆိုသည့် အစွဲများဖြစ်ပေါ်လာခဲ့သည်။ ထိုကဲ့သို့ သမိုင်းသင်ခန်းစားများကြောင့် ရခိုင်လူမျိုးများသည် အချုပ်အခြာအာဏာကို ပိုမိုတပ်မက်လာခဲ့ကြသည်။ ထိုကြောင့် ရခိုင်ပြည်သူများသည် အမျိုးသားလွတ်မြောက်ရေးတော်လှန်ရေးအား အားပေးခဲ့ကြသည်။ အားကိုးခဲ့ကြသည်။ ရခိုင် အမျိုးသားစည်းလုံးညီညွတ်ရေးအား လိုလားခဲ့ကြသည်။

တစ်နည်းအားဖြင့်ဆိုသော် ဗမာလူမျိုးကြီးဝါဒနှင့် ဗမာစစ်ဝါဒ၏ ခါးသီးသောအတွေ့အကြုံအား မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းကြောင့် ဖြစ်သည်။ ဗမာစစ်ဝါဒီများ၏ အစွယ်ပြူးပြူး ဘီလူးရုပ်ကို ဖော်ထုတ်ပြသလိုက်သည့်ဖြစ်ရပ်ဆိုးကြီး တစ်ခုဖြစ်သည်။

ဤကဲ့သို့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းသည် ရခိုင်အမျိုးသားများ၏အမျိုးသားလွတ်မြောက်ရေးအား အသစ်တဖန် အားသစ်လောင်းပေးလိုက်သလို ဖြစ်စေခဲ့သည်။ ရခိုင်အမျိုးသားတော်လှန်ရေးသည်လည်း အသွင်အမျိုးမျိုးဖြင့် ဆက်လက်ချီတက်ခဲ့ကြသည်။

## (၁၃) ဩဂုတ် (စ်) မမေ့အပ်

### အမှောင်ကို ဖြို အလင်းဆောင်မည့် တော်လှန်ရေး

(၁၉၆၇) တွင် ပီတာဘချိုခေါင်းဆောင်သော ရခိုင်ပြည်လွတ်မြောက်ရေးတပ်ဦးသည် (၁၉၆၉) တွင် ရခိုင့်အမျိုးသားလွတ်လပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီကို ထူထောင်လျက် လက်နက် ကိုင်တော်လှန်ရေးဖြင့် မဆလအစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။

ဥက္ကဋ္ဌထွန်းရွှေမောင်ဦးဆောင်သော စစ်ကြောင်းသည် (၁၉၇၂)တွင် ရခိုင်ပြည်သို့ အောင်မြင်စွာ ချီတက်နိုင်ခဲ့သည်။ သို့သော် (၁၉၇၇) တွင် ချီတက်လာသော အတွင်းရေးမှူးစံကျော်ထွန်းဦးဆောင်သည့်စစ်ကြောင်းသည် ချင်းပြည်နယ်တွင် လက်နက်အင်အား၊ လူအင်အား အဆမတန်သာလွန်သော မဆလစစ်တပ်၏နှိမ်နင်းမှုကြောင့် ကျဆုံးခဲ့ရသည်။

(၁၉၇၃) ဥက္ကဋ္ဌခိုင်မိုးလင်းဦးဆောင်သော ရခိုင်ပြည်လွတ်မြောက်ရေးပါတီကို ကရင်အမျိုးသားအစည်းအရုံး၏အကူအညီဖြင့် ကရင်ပြည်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် လက်တွဲ၍ ဘုံရန်သူ မဆလကို (၃)နှစ်တိုင်တိုင် တိုက်ခိုက်ခဲ့ပြီးနောက် (၁၉၇၆) တွင် ရခိုင်ပြည်သို့ပြန်လည် ချီတက်လာရာ ချင်းတောင်တန်းတွင် အဆမတန်အင်အားများသောရန်သူ မဆလတပ်၏ ချေမှုန်းခြင်းခံခဲ့ရသည်။ ဥက္ကဋ္ဌခိုင်မိုးလင်းမှာ ရန်သူ့လက်တွင်းအကျမခံဘဲ မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။ "မိုးလင်းရာဇာ"အမည်ရှိသော ဤစစ်ကြောင်းတွင် ရခိုင်အမျိုးသားတော်လှန်ရေးသမားများသည် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်များကိုဖြတ်ကျော်ကာ မိုင်ပေါင်း (၂၀၀၀)ကျော်ခန့် ချီတက်ခဲ့ကြရသည်။ လမ်းခရီးတစ်လျှောက်တွင် ရန်သူမဆလတပ်၏လိုက်လံချေမှုန်းခြင်းကိုအကြိမ်ကြိမ်ခံခဲ့ရရာ ချင်းပြည်နယ်တစ်ခုတည်းမှာပင် တိုက်ပွဲကြီးငယ် (၁၀၀) ကျော် တိုက်ခိုက်ခဲ့ရသည်။ (၁၉၇၄) တွင် နေဝင်းအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ၎င်းတို့စိတ်တိုင်းကျရေးဆွဲကာ အတုအယောင်လူထုဆန္ဒခံပွဲဖြင့် အတည်ပြုခဲ့သည်။ ဤဖွဲ့စည်းပုံသည် တိုင်းရင်းသားတို့၏အမျိုးသားတန်းတူရေးကိုသာမက ဗမာပြည်သူလူထုအားလုံး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုပါ လျစ်လျူရှုလျက် တစ်ပါတီအာဏာရှင်စနစ်ဖြင့် တစ်တိုင်းပြည်လုံး၏စီးပွါးရေးကို လက်ဝါးကြီးအုပ်၍ ပြည်သူလူထုကို တရားဝင်ဂုတ်သွေးစုပ်သည့် တစ်ပါတီအာဏာရှင်စနစ်ဖွဲ့စည်းပုံဖြစ်ပေသည်။ ဤဖွဲ့စည်းပုံကြောင့် နိုင်ငံအဝှမ်းတွင် မဆလအစိုးရကို မကျေနပ်မှုများ တိုးပွါးလာကြသည်။ (၁၉၈၆) တွင် ဦးမောင်စောရင် ဦးဆောင်

သောရခိုင်ပြည်ကွန်မြူနစ်ပါတီသည် မင်းပြားမြို့ကိုသိမ်းပိုက်၍ ရခိုင်ပြည်လွတ်လပ်ရေး ကြေညာခဲ့သည်။ ရခိုင်ပြည်သူလူထု အများအပြားက ထောက်ခံခဲ့ကြသော်လည်း ရန်သူ မဆလစစ်တပ်အား လက်နက်အင်အား၊ လူအင်အား မယှဉ်သာသဖြင့် (၂) ရက်အတွင်း ဆုတ်ခွါခဲ့ရသည်။ မဆလအစိုးရသည် ရက်ရမ်းရမ်းသည့်အနေဖြင့် စစ်ဥပဒေထုတ်ပြန်ကာ အပြစ်မဲ့ပြည်သူအများအပြားကို နည်းမျိုးစုံဖြင့် စွဲချက်တင်လျက် ဖမ်းဆီးထောင်ချခဲ့သည်။ ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။ ထိုသို့ အဖမ်းဆီး၊ အနှိပ်စက်ခံရသူများထဲတွင် ပျံလွန်တော်မူခဲ့ပြီဖြစ်သော ပုသိမ်ဆရာတော်ကြီးလည်း ပါဝင်ပေသည်။

## ၈၈ လူထုထုအုံကြွမှုကြီးနှင့် ၉၀ ရွေးကောက်ပွဲ

မဆလပါတီ၏ (၂၆) နှစ်တိုင်တိုင် ဖိနှိပ်အုပ်ချုပ်မှုကိုခံစားခဲ့ကြရသော ဗမာပြည်သူလူထုသည် (၁၉၈၈) တွင် အုံကြွပေါက်ကွဲရာမှ ရှစ်လေးလုံးအရေးတော်ပုံ ပေါ်ပေါက်လာသည်။ ဤအရေးတော်ပုံကြောင့် (၁၉၇၄) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ မဆလတစ်ပါတီအာဏာရှင်စနစ်လည်း ချုပ်ငြိမ်းခဲ့ရသည်။ သို့သော် ဗိုလ်ချုပ်ကြီးစောမောင်ဦးဆောင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) နာမည်ခံထားသည့် စစ်အာဏာရှင်များက တဖန်အာဏာသိမ်းခြင်းခံခဲ့ရပေသည်။ နဝတစစ်အာဏာရှင်များသည် (၁၉၉၀) တွင် ရွေးကောက်ပွဲကျင်းပကာ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးပြီး စစ်တန်းလျားကို ပြန်ပါမည်ဟု ကတိပေးခဲ့ကြသည်။ (၉၀) ရွေးကောက်ပွဲတွင် စစ်အာဏာရှင်များသည် နည်းလမ်းအမျိုးမျိုးဖြင့် ၎င်းတို့၏ သြဇာခံပါတီများ မဲရရှိဖို့ကြိုးပမ်းခဲ့ကြသော်လည်း ရခိုင်ပြည်၌ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် **(ALD)** နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** တို့ကမဲအများဆုံးဖြင့် အနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖြစ် ပြန်လည်ပွဲထုတ်ထားသော စစ်ဗိုလ်ချုပ်များ၏မဆလပါတီမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ရသည်။ (၉၀) ရွေးကောက်ပွဲရလာဒ်က ရခိုင်အမျိုးသားတို့၏ စစ်အာဏာရှင်စနစ်ကို ရွံရှာမုန်းတီးမှုအား ဒီမိုကရေစီမြတ်နိုးမှုဖြင့် အပေါ်လွင်ဆုံး ထင်ဟပ်ပြသလိုက်ပေသည်။ ဗမာစစ်အဏာရှင်တို့သည် မိမိတို့လိုပါးနှင့် မကိုက်ညီသော (၉၀) ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်မပြုရုံ သာမက ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းကာ ရွေးကောက်ခံရခိုင်အမတ်များကို ဖမ်းဆီးထောင်ချခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် မဲဆွယ်စည်းရုံးစဉ်ကာလက ဦးဆောင်ဦးရွက်ပြုခဲ့သူ ရခိုင် – မြန်မာသမိုင်း ပဏ္ဍိတ်ဦးဦးသာထွန်းကိုလည်း ဖမ်းဆီးထောင်ချကာ ထောင်ထဲမှာပင် လုပ်ကြံသတ်

ဖြတ်လိုက်လေသည်။ (၁၉၉၃) တွင် စစ်အစိုးရသည် တိုင်းပြည်အာဏာကို ရာသက်ပန်ရယူထားဖို့ အချိန်ဆွဲ၍ ဥာဏ်နီ၊ ဥာဏ်နက်ထုတ်ရန် အတုအယောင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ မက်လုံးပေး၍ တစ်မျိုး၊ ခြိမ်းခြောက် အကြပ်ကိုင်၍ တစ်ဖုံဖြင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများ၊ အစိုးရ ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် (၉၀) ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် လက်တစ်ဆုပ်စာအမတ်များကို ညီလာခံသို့ အတင်းအဓမ္မခေါ် ယူလျက် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ် ပေါင်းစုံဖြင့်ညီလာခံကို ကျင်းပနေဟန် ပုံဖမ်းခဲ့ကြသည်။

## မျိုးချစ်၊ ပြည်ချစ် ရခိုင်ကျောင်းသားနှင့် လူငယ်များ စုစည်းခြင်း

ရခိုင်အမျိုးသားတော်လှန်ရေး ကာလတလျှောက်နှင့် ရှစ်လေးလုံး အရေးတော်ပုံကာလတလျှောက် မြေပေါ်၊ မြေအောက်လှုပ်ရှားနေကြသော ရခိုင် ကျောင်းသား၊ လူငယ်များသည် ရခိုင်လူမျိုးများ၏ ကိုယ့်ကံကြမ္မာ ကိုယ် ဖန်တီးခွင့်ရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲ ဝင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ခွာလာခဲ့ကြသည်။ ပထမဦးစွာ ရခိုင်ကျောင်းသားနှင့် လူငယ်များသည် ဗမာပြည်လုံး ဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး **(ABSDF)** တွင် ဝင်ရောက်ကာ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုမှတစ်ဖန် ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီတပ်ဦး (ရခိုင်) **(ABSDF-Arakan)** အဖြစ် လှုပ်ရှားလာခဲ့ကြသည်။ ထို့နောက် (၁၉၉၅) တွင် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတွင်ရောက်ရှိနေသော ရခိုင် ကျောင်းသားနှင့်လူငယ်အစည်းအရုံးများအားစုစည်းပြီး ပူးပေါင်းတိုက်ပွဲဝင် မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်၌ ညီလာခံတစ်ရပ် ကျင်းပကာ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊က၊လ၊စ) **(AASYC)** အား တည်ထောင်ခဲ့ကြသည်။ အစည်းအရုံးစတင် ဖွဲ့စည်းစဉ်က ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေး၊ စစ်အာဏာရှင်စနစ်နှင့် နယ်ချဲ့ဝါဒတိုက်ဖျက်ရေး၊ အဖိနှိပ်ခံပြည်သူတစ်ရပ်လုံးလွတ်မြောက်ရေး၊ ဒီမို ကရေစီနှင့် လူ့အခွင့်အရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ့်ကံ ကြမ္မာ ကိုယ် ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး ဦးတည်ချက်များ ချက်မှတ် ဆောင်ရွက်ခဲ့သည်။ စတင်ထူထောင်စဉ် အစည်းအရုံး၏ပဋိညာဉ်မှာ (ရ၊က၊လ၊ စ)သည် နိုင်ငံရေးပါတီတစ်ရပ်မဟုတ်၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းတွင် ဦးဆောင်နိုင်မည့် တပ်ပေါင်းစု၊ ပါတီအဖွဲ့အစည်း ပေါ်ပေါက်လာရေး၊ ၎င်းအဖွဲ့ အစည်းအား အင်အားဖြည့်ကူညီပေးရေးဆိုပြီး ထားရှိခဲ့သည်။ (၁၉၉၇) ခုနှစ်

တွင် လေးပါတီပေါင်းစည်းပြီး ဖွဲ့စည်းသော ရခိုင်ပြည်အမျိုးသား ညီညွတ်ရေးပါတီ **(NUPA)**တွင် (ရ၊ က၊ လ၊ စ) သည် အိန္ဒိယမှအပ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်တွင်ရှိသော အစည်းအရုံးအား ဖျက်သိမ်းပြီး ပါဝင်ခဲ့သည်။ (၁၉၉၈) ခုနှစ်ဖိုလ်ရာဇာကျဆုံးပြီးနောက်တွင် အစည်းအရုံး၏ဗဟိုကော်မတီတစ်ရပ်လုံး ပျက်စီးခဲ့ရသည်။ (၁၉၉၅) ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အစကောင်းခဲ့သော်လည်း အနှောင်းမသေချာဖြစ်ခဲ့သည်။ (၂၀၀၁) ခုနှစ်တွင် ရဲဘော်ကျော်ဟန် ဦးဆောင်ပြီး ဒုတိယအကြိမ်ညီလာခံကျင်းပကာ အစည်းအရုံးကို ပြန်လည်ထူ ထောင်ခဲ့သည်။ သို့သော် ထူထောင်ခဲ့သော ဗဟိုကော်မတီတွင် စုပေါင်းခေါင်းဆောင်မှု၊ တာဝန်ခံမှုအားနည်းသည့်အတွက် အစည်းအရုံးသည် မျှော်မှန်းသလောက် ခရီးမရောက်ခဲ့ချေ။ (၂၀၀၅) ခုနှစ်တွင် ပြည်တွင်းမှကျောင်းသား၊ လူငယ်များနှင့်ဆက်စပ်မှုရရှိလာပြီး အစည်းအရုံးအား ပြန်လည်အားကောင်းစေခဲ့သည်။ သို့သော် (၂၀၀၅) ဗဟိုကော်မတီထဲတွင်လည်း အချောင်သမားလုပ်နည်းလုပ်ဟန်နှင့် တစ်ကိုယ်ကောင်းဆန်သော လုပ်နည်း လုပ်ဟန်များ၊ အဖျက်သမားဆန်သောလုပ်နည်း လုပ်ဟန်များကြောင့် အစည်းအရုံး၏ စည်းရုံးရေးသည် များစွာထိခိုက်ခဲ့သည်။ (၂၀၀၇) ခုနှစ်တွင် စတုတ္ထအကြိမ်ညီလာခံကို ကျင်းပပြီး ဗဟိုအလုပ်မှုဆောင်အဖွဲ့အား ပြန်လည် ဖွဲ့စည်းခဲ့သည်။ တတိယအကြိမ်ညီလာခံမှ ချက်မှတ်ထားသောဦးတည်ချက် (၅) ချက်အပြင် နောက်ထပ် ရခိုင်ကျောင်းသားနှင့် လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး၊ ရခိုင့်ဂေဟစနစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဦးတည်ချက် (၂) ချက်အား တိုးချဲ့ချက်မှတ်ခဲ့သည်။ ထိုသို့ဖြတ်သန်းလာခဲ့ရာ ယနေ့အချိန်တွင် (ရ၊က၊လ၊စ) ၏ သက်တမ်းမှာ (၁၃) နှစ်ကြာခဲ့ပြီ။ ရှေ့ဆက်၍လည်း အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်အား ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် (ရ၊ က၊ လ၊ စ) အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

## တပ်ဦးမှသည် တစ်ပါတီသို့

(၈၈) နောက်ပိုင်း ရခိုင်အမျိုးသားတော်လှန်ရေးသမိုင်းတွင် အဖွဲ့အစည်းအသီးသီးပူးပေါင်းကာ တပ်ပေါင်းစုများစုစည်းပြီး "တပ်ဦးမှသည် တစ်ပါတီသို့" ဦးတည်ကာ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးတပ်ဦး **(NUFA)** ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုမှ တစ်ဖန် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ **(NUPA)** ကိုဖွဲ့စည်းခဲ့သည်။ ပါတီ၏ လက်နက်ကိုင်တပ်အမည်မှာ ရခိုင်ပြည်တပ်မတော် **(Arakan Army - AA)** ဖြစ်သည်။ (၁၉၉၈) တွင် အိန္ဒိယထောက်

လှမ်းရေး၏သစ္စာဖောက်မှုကြောင့် စစ်ဦးစီးချုပ် ဗိုလ်ရာဇာအပါဝင် ထိပ်တန်းခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ခြင်းခံရကာ ရဲဘော်များလည်း ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထိုလုပ်ကြံမှုသည် ရခိုင်အမျိုးသားတော်လှန်ရေး၏ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ခဲ့ပြီး တော်လှန်ရေးအား ဆိုးရွားစွာ ရိုက်ခပ်ခဲ့သည်။

## ရွှေဝါရောင်တော်လှန်ရေး

(၂၀၀၇) စက်တင်ဘာတွင် ပြည်သူလူထု၏ ဆင်းရဲဒုက္ခကို မမြင်နိုင်သည့် ရဟန်းသံဃာတော်များက လမ်းလျှောက်ချီတက်၍ မေတ္တာဘာဝနာပွါးများသည်ကို နအဖစစ်အာဏာရှင်များက စစ်တပ်၊ ရဲနှင့် လုံထိန်းများအပါအဝင် ကြံ့ခိုင်ရေးနှင့် စွမ်းအားရှင်စသည့် ၎င်းတို့၏လက်ကိုင်တုတ် လူမိုက်၊ လူရမ်းကားများကို အသုံးချလျက် အကြမ်းဖက်နှိမ်နင်းခဲ့ရာမှာ ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်ခဲ့သည်။ ဤတော်လှန်ရေးတွင် ရခိုင်ပြည်သူလူထုနှင့် ရဟန်းသဃာတော်များသည် ပြည်နယ်မှာရော၊ ပြည်ပမှာပါ ရှေ့ဆုံးမှ တက်တက်ကြွကြွပါဝင်ခဲ့ကြသည်။ သို့သော်လည်း ရွှေဝါရောင်တော်လှန်ရေးသည် ဖက်ဆစ်အာဏာရှူးများ၏ရက်ရက်စက်စက်ဖြိုခွဲခြင်းကို ခံလိုက်ရသည်။

## ကန့်ကွက်မဲများပေးခဲ့ကြသည်

ဗမာစစ်အာဏာရှင်များသည် (၂၀၀၈)မေလတွင် သူတို့အား တရားဝင်အစိုးရဖြစ်စေမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒအား လူထုဆန္ဒခံယူပွဲဆိုကာ ဆန္ဒမဲများကောက်ယူခဲ့သည်။ ဗမာစစ်အာဏာရှင်အား ယခင်ကတည်းက ရွံရှာမုန်းတီးနေသော ရခိုင်လူမျိုးများသည် ရရှိသောအခွင့်အရေးအား အမိအရဆုတ်ကိုင်ကာ တပြည်လုံး ကန့်ကွက်မဲများ ပေးခဲ့ကြသည်။ သို့သော်လည်း ဗမာစစ်အစိုးရသည် အမှန်တကယ်ရရှိသောမဲများအား လိမ်လည်ကာ ပြည်သူတစ်ရပ်လုံးအား ဆန့်ကျင့်ပြီး ဗမာစစ်အာဏာရှင်စနစ်သက်ဆိုးရှည်မည့် ဖွဲ့စည်းပုံအား အတည်ပြုခဲ့သည်။ ရခိုင်လူမျိုးများသည် ဗမာစစ်အာဏာရှင်စနစ်အား ကန့်ကွက်မဲများပေးကာ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ ဗမာစစ်အာဏာရှင်များ၏ကလိမ်ကျမှုသင်ခန်းစာသစ်အား တစ်ဖန်ရရှိခဲ့ကြသည်။ ကလိမ်ကျမှု၊ လိမ်လည်မှု၊ ရက်စက်မှု၊ သတ်ဖြတ်မှုသည်ကား ဗမာလူမျိုးကြီးဝါဒီ၊ ဗမာစစ်ဝါဒီတို့၏လုပ်ရိုးလုပ်စဉ်ဖြစ်သလို သူတို့အား ရင်ဆိုင်ခြင်း၊ တိုက်ပွဲဝင်ခြင်း၊ ဆန့်ကျင်ခြင်း၊ စိန်ခေါ်ခြင်း၊ တော်လှန်ခြင်းသည်ကား မိမိတို့ရခိုင်လူမျိုးများ၏သမိုင်းဖြစ်ပေသည်။

## စစ်ကျွန်ဘဝရောက် ရခိုင်ပြည်

(၁) ရခိုင်တစ်မျိုးသားလုံး ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆုံးရှုံးနေသည်။ ရခိုင်ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးနေသည်။ လူမျိုးရေးအရ ခွဲခြားအုပ်ချုပ်ခြင်းလည်း ခံနေရသည်။ စစ်ဘက်မှာဖြစ်စေ၊ အရပ်ဘက်မှာဖြစ်စေ အရည်အချင်းတူပါလျက် ဗမာက သခင်လူမျိုး၊ ရခိုင်က ကျွန်လူမျိုးအဖြစ် ခွဲခြား၍ ဖိနှိပ်ဆက်ဆံခြင်းခံနေရသည်။ ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်တွင် အတည်ပြုလိုက်သော၊ တရားရုံးများက လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ပြဋ္ဌာန်းလိုက်သော ဥပဒေမဟုတ်ဘဲ စစ်ဗိုလ်၊ စစ်သားများ၏ မတရားသောတစ်ချက်လွှတ်အမိန့်နှင့် အာဏာများကို နာခံနေရသည်။ တရားစီရင်ရေးမှာ စစ်ဗိုလ်၊ စစ်သားများက တရားဥပဒေနှင့် တရားသူကြီးများ အထက်ကိုရောက်နေသည်။ ခေဥစ္စာချမ်းသာသူနှင့် စစ်ဗိုလ်၊ စစ်သားများ၊ ၎င်းတို့၏မိသားစု၊ ဆွေမျိုးများမှာ ပြစ်မှုကျူးလွန် လျှင်လည်း လွတ်ငြိမ်းချမ်းသာခွင့်ရကြသည်။ မဆိုစလောက် အပြစ်ဒဏ်ခံရပြီး ပြန်လည်လွတ်မြောက်ကြသည်။ အခြေခံပြည်သူလူထုကိုမူ မတရားသည့်ဥပဒေအမျိုးမျိုးဖြင့် ဖိနှိပ်ထားသည်။ လူသတ်သည်ဖြစ်စေ၊ ဓားပြတိုက်သည်ဖြစ်စေ၊ မုဒိန်းကျင့်သည်ဖြစ်စေ စစ်သားဝင်လျှင် လွတ်ငြိမ်းချမ်းသာခွင့်ရသဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်မှာ ခိုးသားငါးရာစုထားသည့်တပ်မတော် ဖြစ်နေသည်။ ယင်းတပ်မတော်က အခြားသောနိုင်ငံတကာတပ်မတော်များကဲ့သို့ **“ပြည်သူသာအမိ၊ ပြည်သူသာအဖ”**ဆိုသော ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည့်အစား **“တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ”** ဆောင်ပုဒ်ဖြင့် မိဘပြည်သူကို ကျွန်ပြုအုပ်ချုပ်နေသည်။ စား၊ ဝတ်၊ နေရေးမဖူလုံ၍ ဝန်ထမ်းလောကတွင် လာဘ်စား၊ ခြစားနှင့် အကျင့်ပျက် ယဉ်ကျေးမှု ထွန်းကားနေသည်။

(၂) ပညာရေးလောကတွင် ကျောင်းသားနှင့် ဆရာ အချိုးအစားမညီမျှ၊ မူလတန်းပညာကိုပင် အခမဲ့သင်ကြားခွင့် မရခြင်း။ နည်းပညာတက္ကသိုလ်နှင့် ကောလိပ်များမှာပင် သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ ညံ့ဖျင်းသောပညာရေးစနစ်ကြောင့် ဘွဲ့ရပါလျက် အသက်မွေးဝမ်းကျောင်းပညာ မတတ်မြောက်သဖြင့် ဘွဲ့ရပညာတတ်များ ကာယအလုပ် လုပ်၍ အသက်မွေးနေကြရခြင်း၊ ကျန်းမာရေးလောကတွင် လူနာနှင့် ဆရာဝန် အချိုးမညီမျှခြင်း၊ ပြည်သူ့ဆေးရုံနှင့် ဆေးပေးခန်းများတွင်ပင် အခမဲ့ဆေးဝါးကုသခွင့်မရှိခြင်း၊ ကူးစက်

ရောဂါများကို ကြိုတင်ကာကွယ်ရန် စနစ်ကျသောပညာပေးလုပ်ငန်းများမရှိခြင်း၊ ပြည်သူလူထု၏သက်သာချောင်ချိရေးကို ဂရုမစိုက်ဘဲ မူးယစ်ဆေးဝါးနှင့် မှောင်ခိုရာဇာများကို လွတ်လွတ်လပ်လပ် ငွေမည်းခဝါချခွင့်ပေးထားသဖြင့် ဆင်းရဲ၊ ချမ်းသာကွာဟမှု တစက်ထက်တစက် ကြီးမားလာခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံလာလျှင် ထိုက်သင့်သော ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ရန် ဘဏ္ဍာငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်း လုံလုံလောက်လောက် မရှိခြင်း၊ မိဘမဲ့ကလေးများကို နိုင်ငံတော်က တာဝန်ယူ၍ ပြုစုပျိုးထောင်ပေးရမည့်အစား ကလေးဂေဟာများကို ချွေးတပ်စခန်း၊ စစ်သားစုဆောင်းရေးစခန်းသဖွယ် အသုံးချကာ ကလေးစစ်သားများ စုဆောင်းနေခြင်း၊ မသင်မနေရပညာရေး၊ အခမဲ့ပညာရေးစနစ်များမရှိခြင်း၊ အလုပ်အကိုင်လည်း ရှားပါးသည့်အပြင် မူးယစ်ဆေးဝါးလုပ်ငန်း၊ ပြည့်တန်ဆာလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်ခြင်းမရှိသဖြင့် ပညာသင်စရိတ် မတတ်နိုင်သောလူငယ်၊ လူရွယ်အများစုမှာ ပေတေလေလွင့်၍ ကိုယ်ကျင့်စာရိတ္တပျက်ပြားနေခြင်း၊ ဆိုးသွမ်းလူငယ်များအတွက် စာရိတ္တပြုပြင်ရေးကျောင်းများကိုလည်း စနစ်တကျနှင့် လုံလုံလောက်လောက် ဖွင့်လှစ်ထားခြင်းမရှိခြင်း၊ ပြည်နယ်များ၏ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု ဂရုတစိုက်လုပ်ဆောင်မှု မရှိခြင်း။

(၃) ပုဂ္ဂလိက ခနေဥစ္စာပိုင်ဆိုင်ခွင့်ကို အာမခံမပေး၊ စစ်တပ်က မထင်လျှင် မထင်သလို သိမ်းယူနေခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များ၌ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ကို ပိတ်ပင်ထားခြင်း၊ မတန်တဆကြီးလေးသောအခွန်အကောက်များကြောင့် ကုန်းဈေးနှုန်း အဆမတန်တက်လာခြင်း၊ ပြည်တွင်းတွင် အလုပ်အကိုင်ရှားပါး၍ နိုင်ငံခြားထွက်သူများသဖြင့် တိုင်းပြည်တွင် ဦးနှောက်ယိုစီးမှု၊ လုပ်သားအင်အား ယိုစီးမှုနှင့် ရင်ဆိုင်နေရခြင်း၊ မိသားစုစားဝတ်နေရေးအတွက် အမျိုးကောင်းသမီးငယ်များမှာ နိုင်ငံရပ်ခြားတွင် ခန္ဓာကိုယ်ရင်း၍ ဝင်ငွေရှာဖွေနေရခြင်း။

(၄) စစ်တပ်ရိက္ခာနှင့် ရန်ပုံငွေအတွက် လိုအပ်သောတင်းစပါးကို ပြည်သူလူထု၏ အကြပ်အတည်းကို ဂရုမစိုက်ဘဲ အဓမ္မကောက်ခံခြင်း၊ သတ်မှတ်တင်းရေမပြည့်လျှင် မျိုးစပါးများကိုပါ သိမ်းယူခြင်း၊ တပ်ရင်း၊ တပ်ဖွဲ့များတည် ဆောက်ရန်၊ နိုင်ငံခြားလုပ်ငန်းရှင်များကို ရောင်းချရန် ပုဂ္ဂလိကပိုင် မြေယာများကို လျော်ကြေးမပေးဘဲ အတင်းအဓမ္မ သိမ်းပိုက်ခြင်း၊ ကျွဲ၊ နွားစားကျက်မြေများကို

တပ်ရင်း၊ တပ်ဖွဲ့များတည်ဆောက်ရန် သိမ်းပိုက်နေခြင်း။

(၅) စား၊ ဝတ်၊ နေရေးမဖူလုံ၍ ခိုင်းကျွဲ၊ ခိုင်းနွားများကို အိမ်နီးချင်းနိုင်ငံများရှိ မှောင်ခိုဈေးကွက်များတွင် ရောင်းချကာ ဝင်ငွေရှာဖွေရခြင်း၊ ဒေသန္တရပထဝီ၊ ရာသီဥတုနှင့်မကိုက်ညီသောစိုက်ပျိုးသီးနှံများကို အတင်းအဓမ္မ စိုက်ပျိုးခိုင်းခြင်း၊ လယ်မြေများတွင် ဆားချက်သဖြင့် ဆားပေါက်၍ သီးနှံစိုက်ပျိုးရန် မဖြစ်နိုင်တော့ခြင်းတို့ကြောင့် တောင်သူ၊ လယ်သမားများ၏ဘဝမှာ ကြပ်တည်းသထက် ကြပ်တည်းလာခြင်း၊ လယ်ယာထွက်ကုန်များလည်း တဖြည်းဖြည်းကျဆင်းလာခြင်း။

(၆) တိုင်းရင်းသားများသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များကို လွတ်လပ်စွာ ဖော်ထုတ်ခွင့် မရသည့်အပြင် နည်းမျိုးစုံဖြင့် ဗမာမှုပြုခံနေရခြင်း၊ နအဖစစ်သားများက တိုင်းရင်းသူများကိုမဒိန်းကျင့်ခြင်း၊ ဖျားယောင်းသွေးဆောင်၍ လက်ထပ်ခြင်းဖြင့် လူမျိုးရေးအရ သွေးနှောအောင်ကြံစည်လုပ်ဆောင်လျက်ရှိခြင်း၊ သူပုန်နှင့် အဆက်အသွယ်ရှိသည်ဟု အကြောင်းပြကာ ရွာမီးရှို့ခြင်း၊ ချွေးတပ်ဆွဲ၊ ပစ္စည်းဥစ္စာသိမ်းယူခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်သည်။ အခွင့်အရေးရလျှင်ရသလို လူမျိုးတုံး သတ်ဖြတ်နေခြင်း။

(၇) ဆွဲပိုက်သုံး၍ ငါးဖမ်းသဖြင့် ငါး၊ ပုဇွန်များ ဥ ဥရာ ပင်လယ်ကြမ်းခင်းများ ပျက်စီးခြင်း၊ လမု၊ ကနစို့ စသည့် ဒီရေတောများကို မဆင်မခြင်ခုတ်လှဲခြင်းဖြင့် ငါး၊ ပုဇွန်သားပေါက်များ ခိုနားစရာ မရှိတော့ခြင်း၊ သစ်တောများကို စည်းကမ်းမဲ့ခုတ်လှဲခြင်း၊ သဘာဝသယံဇာတများကို ဗရမ်းဗတာထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ပြုန်းတီး၊ ပျက်စီးခြင်း၊ မြေဆီလွှာ ခမ်းခြောက်ခြင်း၊ သယံဇာတနှင့်တွင်းထွက်ပစ္စည်းများ ရှားပါးလာခြင်း။

(၈) လျှပ်စစ်မီးရရှိနိုင်လောက်သော သဘာဝအရင်းအမြစ်များရှိသော်လည်း ထိုသယံဇာတများကို ရခိုင်ပြည်သူ၊ ပြည်သားများအတွက် မသုံးစွဲဘဲ အခြားနိုင်ငံများသို့ရောင်းချကာ ယင်းမှရရှိသောငွေများဖြင့် စစ်ဗိုလ်တစ်စုသည် စစ်လက်နက်ပစ္စည်းများဝယ်ယူခြင်းနှင့် ကိုယ်ကျိုးအတွက်အသုံးပြုနေခြင်း။

## (၁၃) ဩဂုတ် (စ်) မမေ့အပ်

**အဖိနှိပ်ခံပြည်သူအပေါင်းတို့**

(၂၀၁၀) ဩဂုတ်(စ်) (၁၃) ရက်နေ့သည် ရခိုင်လူမျိုး (၃၀၀) ကျော်အား ဖောက်ပြန်သော ဗမာစစ်အစိုးရက ရက်ရက်စက်စက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော (၄၃) နှစ်မြောက် ဝမ်းနည်းအောက်မေ့ဖွယ်နေ့တစ်နေ့ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၃) နှစ် သည်လိုအချိန်ခါမျိုးတွင် ရခိုင်လူမျိုးများသည် ထမင်းငတ်ခဲ့ရသည်။ သေကြေခဲ့ရသည်။ သတ်ဖြတ်ခံခဲ့ရသည်။ ယခုတိုင်လည်း ရခိုင်လူမျိုးများငတ်ပြတ်နေကြသည်။ ဆင်းရဲကြပ်တည်းနေကြသည်။ ဒုက္ခမျိုးစုံကိုခံစားနေကြရသည်။ တောက်ပခဲ့သော ရခိုင်သမိုင်းသည် ဗမာပဒေသရာဇ်၊ နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်၊ ဗမာလူမျိုးကြီးဝါဒီ၊ ဗမာစစ်ဝါဒီတို့ကြောင့် ညစ်နွမ်းခဲ့ရသည်။ ရခိုင်လူမျိုးများအား လူသားအဖြစ်ပင် သဘောမထားဘဲ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ငါတို့ ရခိုင်လူမျိုးများသည် ငြိမ်းချမ်းရေးကိုလိုလားသည်။ ငါတို့သည် ဖိနှိပ်မှုကို အလိုမရှိ။ ငါတို့သည် ဖိနှိပ်ချယ်လှယ်နေသော နယ်ချဲ့စနစ်၊ လူမျိုးကြီးဝါဒနှင့် စစ်ဝါဒဟူသမျှကို ဆန့်ကျင်ရမည်။ တော်လှန်ရမည်။ သည်စနစ်ဆိုးများကို ရခိုင်မြေပေါ်မှ မောင်းထုတ်ရမည်။ မြေခခဲ့ရသော ရခိုင့်အောင်လံတော်ကို ပြန်လည်စိုက်ထူဖို့ ကြိုးပမ်းရမည်။ ကျဆုံးသွားသော ရခိုင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူဖို့ တိုက်ပွဲဝင်ရမည်။ လွန်ခဲ့သော (၄၃) နှစ်က တောင်းရမ်းစားသောက်ရသည့်ဘဝ၊ ပစ်သတ်ခံရသည့်ဘဝ၊ ငတ်၍ သတ်သေရသည့်ဘဝကို ငါတို့ လုံးဝမလိုလား။ သည်သမိုင်းကို ငါတို့အဆုံးသတ်ပြမည်။ ငါတို့ဆက်နွှဲရမည့်တိုက်ပွဲသည် သမိုင်းက တောင်းဆိုသောတိုက်ပွဲဖြစ်သည်။ တရားသောတိုက်ပွဲဖြစ်သည်။ ပြည်သူတစ်ရပ်လုံးလွတ်မြောက်ရေးအတွက်တိုက်သောတိုက်ပွဲဖြစ်သည်။ ရခိုင်ပြည်သူများ၏ ကြီးမြတ်သောအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ နောက်ဆုံးအောင်ပွဲခံရမည်။ ဖောက်ပြန်သော၊ ကောက်ကျစ်သော ဗမာစစ်ဝါဒီများ၊ ဗမာလူမျိုးကြီးဝါဒီများသည် မုချ ကျဆုံးရမည်။

ရခိုင်အမျိုးသားလွတ်မြောက်ရေးတော်လှန်ရေးသမိုင်းတွင် ကျဆုံးသွားခဲ့သော ရခိုင်အာဇာနည်များအား ဦးညွှတ်အလေးပြုကြပါစို့။ သူတို့၏စစ်မှန်သောတော်လှန်ရေးခရီးကို ငါတို့ ဆက်လက်လျှောက် လှမ်းကြပါစို့။

ရခိုင့်အချုပ်အခြာအာဏာ ရခိုင်အမျိုးသားလက်ထဲရောက်ရှိအောင် ငါတို့သွေး၊ ချွေး၊ ဖွဲများကို ပေးဆပ်ကြပါစို့။

(၁၉၆၇) ဩဂုတ်(စ်) (၁၃) ရက်နေ့တွင် ဗမာစစ်ဝါဒီများသတ်ဖြတ်ခြင်းကြောင့် ကျဆုံးသွားသော ရခိုင်ပြည်သူများ ကောင်းရာသုဂတိရောက်ပါစေ။

**ရခိုင်ပြည် ကျွန်ဘဝမှ လွတ်မြောက်နိုင်ပါစေ။ ။**

# မှီငြမ်းစာအုပ်များ

၁။ Arakanese Nationalism and the Struggle for National Self - determination by Khaing Aung Win
၂။ သွေးစွန်းသော ဩဂုတ်(စ်) (၁၃) ဆောင်းပါး ခိုင်အောင်ကျော် (စစ်တွေ)
၃။ ဦးအေးချမ်း၏ နရဋ္ဌ ရာအင်တာဗျူး
၄။ နိုင်နိုင်(စစ်တွေ)၏ မှတ်တမ်းများ
၅။ အမှောင်ကြားက ဗမာပြည် (ဝင်းတင့်ထွန်း)
၆။ ကိုလိုနီဘဝ ရွှေပြည်ရခိုင် (မြထွန်းအောင်)
၇။ မဇ္ဈိမဒေသအရေးတော်ပုံ (ဦးလှထွန်းဖြူ)
၈။ စစ်တွေနာရီစင်နောက်ခံသမိုင်း ဆောင်းပါး (မြထွန်းအောင်)
၉။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံးသမိုင်း (ပုံနှိပ်မထုတ်ဝေရသေး)
၁၀။ (၂၂၃)နှစ်မြောက် ကျွန်သက်တာရှည် ရခိုင်ပြည် (ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး)

# ရခိုင်လူမျိုးများအတွက်
# ဝမ်းနည်းအောက်မေ့ဖွယ်နေ့ရက်များ

| | |
|---|---|
| သွေးစွန်းသော စစ်တွေဆန်ပြဿနာနေ့ | ဩဂုတ်(စ်) (၁၃) ရက် |
| ဆရာကြီး ဦးဦးသာထွန်းကျဆုံးနေ့ | ဩဂုတ်(စ်) (၁၄) ရက် |
| ဆရာတော်ဦးဥတ္တမနေ့ | စက်တင်ဘာ (၉) ရက် |
| ရခိုင့်အချုပ်အခြာအာဏာကျဆုံးသည့်နေ့ | ဒီဇင်ဘာ (၃၁) ရက် |



## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
## All Arakan Students' & Youths' Congress

### ဦးတည်ချက် (၇) ရပ်

၁။ ရခိုင်ကျောင်းသားနှင့်လူငယ်များ ဗလ (၅)တန် ဖွံ့ဖြိုး
တိုးတက်ရေး။
၂။ ရခိုင့်ဂေဟစနစ်နှင့် ယဉ်ကျေးမှုအမွေအနစ်များ ထိန်းသိမ်း
စောင့်ရှောက်ရေး။
၃။ ရခိုင်တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေး။
၄။ နယ်ချဲ့လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး။
၅။ အဖိနှိပ်ခံတိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လွတ်မြောက်ရေး။
၆။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး။
၇။ ရခိုင်တစ်မျိုးသားလုံး ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့်
ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး။

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
မှ ထုတ်ဝေ ဖြန့်ချီသည်။